ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ **(3-9-2010)** (၆၅၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ ကျေးဇူးတင်စကား ပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတစ်ဝန်း အရှေ့အနောက် ဆက်သွယ်သွားလာနိုင်သည့် အဖိုးတန်ရတနာလမ်းမကြီး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ခင်မောင်သန်း(စက်မှု) | အဆင်အပြင် - နိုင်လင်းကြည်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ အရှေ့အနောက်၊ တောင်မြောက်ဒေသများသို့ တောင်ပေါ်မြေပြန့်ပါမကျန် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန်အတွက် လမ်းများနှင့် တံတားများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အထိ လမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းတာပေါင်အကျယ်များ တိုးချဲ့ခြင်း၊ လမ်းဘေး ရေမြောင်းများတူးဖော်ခြင်း စသည့်လုပ်ငန်းများနှင့် တံတားများ ပြင်ဆင်ဆောက်လုပ်ခြင်း၊ လမ်းကွေ့များတွင် လမ်းတိုးချဲ့ခြင်း၊ လိန်းလီတံတားကြီးကို အဆင့်မြှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အားရဖွယ်မြင်တွေ့နေရသည်။

မိမိတို့သတင်းအဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူး(၁၃) ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်မှ မန္တလေးကားလမ်းမကြီးအတိုင်း ထွက်ခွာခဲ့ရာ ကင်းသာ-ကိုးကွေ့လမ်းပိုင်းသို့ ရောက်ရှိခဲ့သည်။

ထိုလမ်းပိုင်းတွင် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကိုဦးက နေပြည်တော်ခရိုင်လမ်းပိုင်းကို ရှင်းလင်းပြသသည်။ ကင်းသာ-ကိုးကွေ့လမ်းပိုင်း၏ လမ်းအကျယ်မှာ ၁၈ ပေရှိပြီး ကတ္တရာလမ်းဖြစ်သည်။ လမ်းအခြေအနေမှာ အထူးကောင်းမွန်လျက်ရှိသည်။ ကင်းသာမှ ထွက်ခွာခဲ့ရာ

စာမျက်နှာ ၆ ကော်လံ ၁ သို့❑

ကိုးကွေ့အဝင်လမ်းပိုင်း

နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်း၏ ကိုးကွေ့အဝင် လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ကြေးမုံ
The Mirror
၃-၉-၂၀၁၀
(သောကြာနေ့)

မျိုးရိုး ဇာတိဂုဏ်အင် စာပေဖြင့်မြှင့်တင်

မြန်မာစာပေသည် ခေတ်အဆက်ဆက်တွင် ထွန်းကားလာခဲ့သည်။ စာပေပညာရှင် အသီးသီးတို့က မြန်မာစာပေ၏ လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာများကို အခြေခံပြီး အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုးဘာသာ သာသနာကို မြှင့်တင်နိုင်ခဲ့ကြသည်။ မြန်မာစာပေ၏ ပင်မရေစီးကြောင်း ဆက်လက်ရှင်သန် တိုးတက်စေရေး အစဉ်တစိုက် အားထုတ်နေကြရပါဦးမည်။

ယနေ့ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နေသည်။ စာပေပညာရှင်များအနေဖြင့် ပြည်သူများအတွင်း မှန်ကန်သောအတွေးအခေါ်များ ခိုင်မြဲရှင်သန်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာတတ်မှု ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေစေရေး စာပေတာဝန်ထမ်းဆောင်သွားကြရပေမည်။

စာပေသည် အမျိုးသားရေးတည်ဆောက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းခြုံဆက်စပ်ပေးနိုင်သည်ဖြစ်ရာ စာပေပညာရှင်များအနေဖြင့် ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရေး စာပေဗဟုသုတ ပေးကြရပေမည်။ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်နေစေရေး စာပေဖြင့် မီးမောင်းထိုးပြရပေမည်။

စာပေအသိပညာရှင်၊ အတတ်ပညာရှင်များသည် ဝါသနာကို အခြေခံ၍ စာပေရေးသားလာခဲ့ကြသည်။ စေတနာနှင့် ယုံကြည်ချက်များအပေါ် အရင်းခံပြီး စာပေလုပ်ငန်းကို ဆောင်ရွက်လာခဲ့ကြသည်။ နှစ်ပေါင်းများစွာ ရင်းနှီးပေးဆပ် အနစ်နာခံပြီး စာပေတာဝန်ကို အစဉ်တစိုက် ထမ်းဆောင်လာခဲ့ကြပြီ။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ သရုပ်ပျက်ယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေး သမိုင်းပေးတာဝန်များကို ဆက်လက်သယ်ပိုးကြရပေဦးမည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံကြီးအချို့က ခေတ်မီသတင်းဆက်သွယ်မှုနည်းပညာများကို အသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နည်းမျိုးစုံဖြင့် လွှမ်းမိုးနိုင်ရေး လုပ်ဆောင်နေကြသည်။ ယင်းတို့၏ အတွေးအခေါ်၊ လူနေမှုဓလေ့စရိုက်များ စိမ့်ဝင်ပျံ့နှံ့စေရေး ဖန်တီးနေကြသည်။ ယင်းတို့ကို ကိုယ်ပိုင်ယဉ်ကျေးမှုစွမ်းအား၊ စာပေစွမ်းပကားဖြင့် ဖယ်ရှားကြရပေမည်။

စာပေပညာရှင်များအနေဖြင့် တိုင်းကျိုးပြည်ပြု စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ရေးသားနေကြရပါမည်။ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားရေးလုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်စေရေး ရေးသားဖော်ကျူးကြရပါမည်။ အမျိုးသားရေးစရိုက်လက္ခဏာများ တည်တံ့ခိုင်မြဲရေး ကြိုးပမ်းရင်း မြန်မာ့ယဉ်ကျေးမှု မျိုးရိုးဇာတိဂုဏ်အင်မြင့်မားရေး စာပေဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိတ္ထီလာ၊ သာစည်ဒေသ ရေရရှိရေးဆောင်ရွက်နေမှု လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပျော်ဘွယ်မြို့နယ် စည်ပင်သာကျေးရွာ၌ တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။ (လယ်/ဆည်)

နေပြည်တော် စက်တင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၃၀ရက် ညနေ ၄နာရီခွဲတွင် သာစည်မြို့နယ် ပျော့ရွာအနီးရှိ လယ်သမားကြီး ဦးဝင်းအောင်၏ လယ်မြေ၌ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက မိတ္ထီလာ၊ သာစည်ဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရန် စက်ရေတွင်းများ တူးဖော်နေမှုနှင့် သီးနှံဖြည့်စွက်ရေ ပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရေတွင်း တူးဖော်မှုနှင့် ရေရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များကို မှာကြားသည်။

မိတ္ထီလာ၊ သာစည်ဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းတွင် စက်ရေတွင်းများ တူးဖော်လျက်ရှိရာ တူးဖော်ရန်လျာထားသည့် စက်ရေတွင်းပေါင်း ၈၀၀ အနက် ယခုအခါ စက်ရေတွင်းပေါင်း ၄၁၁ တွင်း တူးဖော်ပြီးဖြစ်သည်။ ဆက်လက်၍လည်း စက်ရေတွင်းများကို တူးဖော်လျက်ရှိသည်။

ဆက်လက်၍ ပျော့ရွာဝန်းကျင်၌ တူးဖော်ပြီး စက်ရေတွင်းများနှင့် စက်ရေတွင်းများမှ ရေထွက်ရှိမှု၊ ငွေချည်(၆) ချည်မျှင်ရှည်ဝါခင်းများ ဖြည့်စွက်ရေပေးသွင်းမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် စည်ပင်သာကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ရန် လျာထားသည့် နတ်ကာရေလှောင်တမံ တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရေလှောင်တမံ တည်ဆောက်မည့် ဒီဇိုင်းပုံစံဖြင့် ရှင်းလင်းတင်ပြသည်။

နတ်ကာရေလှောင်တမံသည် နတ်ကာချောင်းပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး တမံအလျား ၃၄၂၅ပေ၊တမံအမြင့် ၈၅ ပေ ရှိမည်ဖြစ်ကာ စီးဝင်ရေ ဧကပေ ၈၈၂၀ ရှိသည်။ အကျိုးပြုဧကမှာ ၁၂၀၀ ဖြစ်ပြီး နတ်ကာရေလှောင်တမံမှ ပိုလျှံသည့် ရေများကို ယင်းတော်ကန်သို့ ရေကူးပေးခြင်းဖြင့် ယင်းတော်ရေလှောင်တမံ၏ ရေသောက်ဧရိယာကို ပိုမိုတိုးမြှင့် ရေကူးပေးနိုင်မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေးကိစ္စများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆန်စပါးလုပ်ငန်းအသင်း ဆိုင်းဘုတ်တင်

ပေါင်းတည် စက်တင်ဘာ ၂

ပေါင်းတည်မြို့နယ် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် အသင်းဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မင်းကွက်(၃) ရပ်ကွက် အသင်းရုံးတည်ရာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ပေါင်းတည်မြို့အသင်း ဥက္ကဋ္ဌ ဦးဇော်မိုးနှင့် အတွင်းရေးမှူး ဦးမြတ်ထွန်းတို့က လုပ်ငန်းဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးတင်ပြကြကြောင်း သိရသည်။

(၁၃၅)

မဲရုံမှူးနှင့် ဒု-မဲရုံမှူးသင်တန်း ကျောက်တံတားမြို့နယ်၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၂

ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ လုပ်ငန်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျောက်တံတား အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးဌေးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ လုပ်ငန်းဆိုင်ရာ လမ်းညွှန်များကို ရှင်းလင်းဆွေးနွေးကြသည်။ မဲရုံများတွင် ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို ကျင်းပပြီး မဲဆန္ဒရှင်များ မဲပေးပုံနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်းပြသသည်။

အဆိုပါ သင်တန်းသို့ ကျောက်တံတားမြို့နယ်ရှိ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၅၈ဦး သင်တန်းသားအဖြစ် တက်ရောက်ကြကြောင်း သိရှိရသည်။ (မြို့နယ်ကော်မရှင်)

ဗဟန်းမြို့နယ် အမက(၂၅) မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဝင်း ပထမတန်းတွင် ပထမဆုရ မရွှန်းလဲ့ဝေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂

ကျောက်တန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၁ ရက်က အလက(မြို့မ) ရွှေသံလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဌေးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဦးသောင်းဝင်းက ဆန္ဒမဲပေးပုံ သရုပ်ပြခြင်းကို ဗွီစီဒီဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားကြောင်း သိရသည်။

(အပေါ်ပုံ) (၇၄)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (စက်တင်ဘာ/၂၀၁၀)ကို စက်တင်ဘာ ၄ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower(ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် စာရေးဆရာမ ဒေါက်တာမတင်ဝင်းက “သမိုင်းစဉ်တွင် နေရာယူခြင်းနှင့် လူမှန်ရွေး၍ နေရာပေးခြင်း”ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

☆ ရှေ့ဖုံးမှ

ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yasuaki NOGAWA နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yasuaki NOGAWA တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး ဦးစိုးသာနှင့် ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA တို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဂျပန်နိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Yasuaki NOGAWA တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရေစကြို စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ မဲဆန္ဒနယ်မြေ အမှတ်(၁)ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက်တွင် ရေစကြိုမြို့ အထက(၁) မြတမာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရွှေငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်များကို ရှင်းလင်းပို့ချကြသည်။

ရှင်းလင်းပို့ချ

စက်တင်ဘာ ၂ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မဲရုံတွင် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချသည်။ (၃၇၄)

စက်တင်ဘာ ၁ ရက်က ခရမ်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် ခရမ်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချို အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Automobile, Living Products & Education Show မန္တလေးမြို့ မြို့တော်ခန်းမ၌ပြသမည်

ရန်ကုန် စက်တင်ဘာ ၂

CONQUEST ROGANIZING GROUP နှင့် MYANMAR ENGINEERING SOCIETY (MDY) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Automobile, Living Products & Education Show ပြပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ည ၇ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်သုံး အပိုပစ္စည်းများ၊ စက်သုံးဆီများ၊ ဘက်ထရီများ၊ ကားတာယာများ၊ ကားအလှဆင်ပစ္စည်းများ၊ Electronic ပစ္စည်းများ၊ နောက်ဆုံးပေါ် IT ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည့် ပြခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသမည်ဖြစ်သည်။

CONQUEST ROGANIZING GROUP သည် ၂၀၁၀ ခုနှစ် ဇွန်လအတွင်း ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးမားဆုံးကားပြပွဲဖြစ်သည့် Automobile Living Products & Show ပြပွဲကြီးကို ပြသခဲ့ရာ ပြပွဲလာပရိသတ်များဖြင့် အထူးစည်ကားခဲ့ပြီး ပါဝင်ပြသသည့် ကားကုမ္ပဏီများ ကားစီးရေ ရာနှင့်ချီ၍ ရောင်းချနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး)၏ နှစ်ပတ်လည်အခမ်းအနားနှင့်အတူ အထက်မြန်မာပြည် ပရိသတ်များ၏ တောင်းဆိုမှုဖြင့် Automobile, Living Products & Education Show ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရခြင်းဖြစ်သည်။

ယခုပြသမည့်ပြပွဲတွင် Super Seven Star မှ ထုတ်လုပ်သည့်ကားများ၊ Three Friends ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသည့် ခြင်ဖမ်းစက်၊ ကြွက်ပြေးစက်၊ အဝတ်ခြောက်စက်များ၊ Mitsubishi အမှတ်တံဆိပ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဇာနည်ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော အီလက်ထရွန်နစ်ပစ္စည်းများ၊ Myanmar Kowa Co.,Ltd. မှ တင်သွင်းရောင်းချသော Rinnai အမှတ်တံဆိပ်ဂက်စ်မီးဖိုများ၊ ဟန်စိန်သန့်ကုမ္ပဏီမှ ထုတ်လုပ်သော ရေစုပ်စက်၊ ရေပန့်နှင့် မော်တာများ၊ Royal Lubricants ကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော Nano Energizer အမှတ်တံဆိပ်ထုတ်ကုန်များ၊ ရွှေမန္တလေးကုမ္ပဏီမှတင်သွင်းသည့် Alpha အမှတ်တံဆိပ်ချောဆီ ပြခန်းများ ပါဝင်မည်ဖြစ်သည်။

ပြပွဲတွင် ပါဝင်ပြသလိုသည့်လုပ်ငန်းရှင်များသည် CONQUEST ROGANIZING GROUP အမှတ်(၁၂) ဒုတိယထပ် ခေမာလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၁၄၃၉၊ ၀၉-၅၀၈၄၇၃၄နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး) ရွှေဖြူပလာဇာ ဒုတိယထပ် ၃၃ လမ်း ၇၇ နှင့် ၇၈ လမ်းကြား မန္တလေးမြို့ ဖုန်း -၀၂-၆၉၃၂၈၊ ၀၉-၂၀၀၁၈၇၄၊ ၀၉-၂၀၂၂၆၃၁၊ ၀၉-၂၀၀၃၀၇၄ နှင့် ၀၉-၅၀၁၅၈၁၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ကောင်းကျိုးညွှန်ပြ ပဋ္ဌိစ္စသမုပ္ပာဒ်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ပင်လယ်လိပ်တို့၏ရှင်သန်ရာဘဝခရီး (အပိုင်း-၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၄)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားကသိုင်းသမား (အပိုင်း-၁၂)**
- ၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်များ
- ၂၅။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ် ရွှေရည်ဝင်းတင့် လင်းရောင်ခြည်
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

1st Myanmar-Korea ICT Products & Solutions Exhibition 2010 နှင့် The 2nd Korea ICT New Technology Seminar 2010 ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် Embassy of the Republic of Korea, Commercial Section မှ Korea Trade-Investment Promotion Agency(kotra)၊ Moon Engineering Co.,Ltd. တို့ ပူးပေါင်း၍"1st Myanmar-Korea ICT Products & Solutions Exhibition 2010"ကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ "The 2nd Korea ICT New Technology Seminar 2010" ကို စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့် ဟောပြောပွဲတို့တွင် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း အသင်းဝင် ICT ကုမ္ပဏီများသာမက Korea နိုင်ငံမှ HDS(Hyundai Data System) ကုမ္ပဏီမှ NID(National IDentification) /IDC(Internet Data Center) ကို လည်းကောင်း၊ K-net ကုမ္ပဏီမှ Microductကို လည်းကောင်း၊ Uijae ကုမ္ပဏီမှ Lightening Arrestor and Grounding System ကိုလည်းကောင်း၊ e-prime ကုမ္ပဏီမှ Wire Based Solution ကို လည်းကောင်း၊ Doore ကုမ္ပဏီမှ Digital Multimedia Broadcasting in Education Environment ကိုလည်းကောင်း၊ Korea Expressway Corporation ကုမ္ပဏီမှ ITS(Intelligent Transport System) ကိုလည်းကောင်း ရှင်းလင်းဟောပြော ပြသသွားမည်ဖြစ်သည်။ အဆိုပါပြပွဲနှင့် ဟောပြောပွဲတို့မှ ကိုရီးယားနိုင်ငံ၏ တိုးတက်လျက်ရှိသော ICT နည်းပညာ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ IT Solution & Services တို့ကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

နည်းပညာပြပွဲသို့ မိမိတို့၏ လုပ်ငန်းများတွင် ITအသုံးပြုလိုသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်ငန်းရှင်များ၊ အီလက်ထရွန်နစ်ကုမ္ပဏီများ၊ ဆက်သွယ်ရေး ဆက်စပ်ပစ္စည်းများအား စိတ်ဝင်စားသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ICT နည်းပညာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စက်တင်ဘာ ၂ ရက်က ကွယ်လွန်သူ ဦးထွန်းမြင့်အားရည်စူး၍ တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်လှကြည်နှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။

(သတင်းစဉ်)

စာကြည့်တိုက်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ထားဝယ် စက်တင်ဘာ ၂

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်သန်းသည် လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဩဂုတ် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ငွေကျပ် ၁၈ သိန်း

သာယာကုန်းကျေးရွာ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်ရှစ်သိန်း စုစုပေါင်းငွေကျပ် ၁၈ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

၂၀၀၉ ခုနှစ် အမေရိကန်စစ်စခန်း ပုံးခွဲတိုက်ခိုက်ခံရမှုကို ကြိုးကိုင်ခဲ့သူ ပါကစ္စတန် တာလီဘန်ခေါင်းဆောင်ကို အမေရိကန်တရားစွဲဆို

ဝါရှင်တန် စက်တင်ဘာ ၂။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက အမေရိကန် ဗဟိုစုံစမ်းစစ်ဆေးရေး အေဂျင်စီ (စီအိုင်အေ) ဝန်ထမ်းခုနစ်ဦး သေဆုံးခဲ့ရသော အမေရိကန်စစ်စခန်း ပုံးခွဲတိုက်ခိုက်ခံရမှုတွင် တာဝန်ရှိသူ ပါကစ္စတန် တာလီဘန်ခေါင်းဆောင် ဟာကီမူလာမာဆွတ်ကို အမေရိကန်တရားရေး တာဝန်ရှိသူများက တရားစွဲဆိုခဲ့ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ဖော်ပြသည်။

တာရစ်ခ်အီး တာလီဘန်အဖွဲ့ ခေါင်းဆောင်မာဆွတ်သည် ယခုအချိန်တွင် ပါကစ္စတန်နိုင်ငံတွင်းရှိ လူမျိုးစုဒေသများတွင် ပုန်းခိုနေသည်ဟု ယူဆရပြီး ၎င်းကို ပြည်ပရှိအမေရိကန်ဝန်ထမ်းများကို သတ်ဖြတ်ရန်ကြံစည်အားထုတ်မှု၊ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေသော လက်နက်များအသုံးပြုရန် ကြံစည်အားထုတ်မှုတို့ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟာကီမူလာမာဆွတ်ကို ဖမ်းဆီးနိုင်ခဲ့ပါက ၎င်းအနေဖြင့် ယင်းပြစ်မှုများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်ရှိတွင် ၎င်းပုန်းအောင်းရာနေရာကို သတင်းပေးနိုင်ပါက ဆုကြေးငွေ ဒေါ်လာ ငါးသန်းပေးမည်ဖြစ်ကြောင်း သတင်းထုတ်ထားသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဂျော်ဒန်ဆရာဝန် တစ်ဦးသည် စီအိုင်အေဝန်ထမ်းများကို အယုံသွင်းကာ အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်ရှိ ချက်မင် အမေရိကန်စစ်စခန်းတွင်းသို့ ဝင်ရောက်ဗုံးခွဲ တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် စီအိုင်အေ၏ သမိုင်းတွင် ဒုတိယအသေအပျောက် အများဆုံး တိုက်ခိုက်မှုဖြစ်သည်။ ***အေပီ။***

တာရစ်ခ်အီး တာလီဘန်ခေါင်းဆောင် ဟာကီမူလာမာဆွတ်။

တာလတ်ပစ်ဒုံးကျည်သစ် အိန္ဒိယစမ်းသပ်ပစ်လွှတ်မည်

မွမ်ဘိုင်း စက်တင်ဘာ ၂

အိန္ဒိယနိုင်ငံသည် ၎င်း၏ လေကြောင်းရန် ကာကွယ်ရေးဆိုင်ရာ နည်းဗျူဟာများ ပိုမိုတောင့်တင်းလာစေရန် ရည်ရွယ်၍ အသစ်ပြန်လည်မွမ်းမံ မြှင့်တင်ထားသော တာလတ်ပစ်ဒုံးကျည် အဂ္ဂနီ-၂(+) ကို ယခုလကုန်ပိုင်းခန့်တွင် စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ အဂ္ဂနီ-၂(+) ဒုံးကျည်ကို အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသဖြစ်သော ဩရိဿပြည်နယ်မှ အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းက တာဝန်ယူ စမ်းသပ်ပစ်လွှတ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဂ္ဂနီ-၂(+) ဒုံးကျည်သည် အဂ္ဂနီ-၂ ဒုံးကျည်ကို ပိုမိုတိုးတက်သစ်လွင်သော နည်းပညာသစ်များဖြင့် လုံးဝအသစ်ဖြစ်အောင် ပြုပြင်မွမ်းမံထားခြင်းဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၃၀၀၀အထိ ပစ်လွှတ်နိုင်ကြောင်း၊ အလျား ၂၀ မီတာနှင့် အလေးချိန် ၁၇ တန်ရှိပြီး နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် အထိမ်းအမှတ် အခမ်းအနား ရုရှား၌ ပထမဆုံး ကျင်းပ

မော်စကို စက်တင်ဘာ ၂

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် အခမ်းအနားကို ပထမဆုံး အကြိမ်အဖြစ် စက်တင်ဘာ ၂ ရက်က ရုရှားနိုင်ငံတွင် တရားဝင်ကျင်းပခဲ့သည်။

ယခုနှစ်စောစောပိုင်းတွင် သမ္မတဒီမီထရီ မက်ဗီဒက်ဗ်က ရုရှားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် ပတ်သက်၍ ဥပဒေတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

ယင်းဥပဒေတွင် ဂျပန်တပ်များ လက်နက်ချခဲ့သော ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့ကို ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နေ့အဖြစ် ပထမဆုံးအကြိမ် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

ဗလာဒီဗော့စတော့စ်မြို့ အရှေ့ဘက်၌ ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်ပြတိုက် ဆောက်လုပ်မှုကို စက်တင်ဘာ ၂ ရက်က စတင်ခဲ့ကြောင်းလည်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

အဆိုပါပြတိုက်ကို ဒုတိယကမ္ဘာစစ် ပြီးဆုံးခါနီးကာလတွင် ဆာခါလင်မြို့နှင့် ကူရိုင်းကျွန်းစု လွတ်မြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပင်လယ်ရပ်ခြား၌ တာဝန်ထမ်းမည့် တရုတ်ရေတပ်ဆေးရုံသင်္ဘော၏ ခရီးစဉ်စတင်

ပေကျင်း စက်တင်ဘာ ၂

တရုတ်ရေတပ်၏ ငြိမ်းချမ်းမှုရေယာဉ်(ပိစ်အာ့ခ်)ဟု အမည်ပေးထားသော ဆေးရုံသင်္ဘောသည် ပင်လယ်ရပ်ခြား ဆေးဘက်ဆိုင်ရာ ကူညီ ထောက်ပံ့ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် ကျဲကျန်းပြည်နယ် ကျို့ရှန်ဆိပ်ကမ်းမှ အေဒင်ပင်လယ်ကွေ့သို့ ဩဂုတ် ၃၁ ရက်က ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံသင်္ဘောသည် ၈၇ ရက်ကြာမျှ လှည့်လည်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး အေဒင်ပင်လယ်ကွေ့အတွင်း တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်နှင့် အရာရှိ၊ အရာခံများကို ဆေးဘက်ဆိုင်ရာကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း တရုတ်ရေတပ် ထောက်ပံ့ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးရုံသင်္ဘောပေါ်တွင် လိုက်ပါလာသော ဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် ဂျီဘူတီ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ ဆေးရှဲလ်ကျွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်လည်း ဆေးဘက်ဆိုင်ရာ ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးမည်ဖြစ်သည်။

ယင်းအပြင် သင်္ဘောဆိုက်ကပ်ရာနိုင်ငံများမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့်လည်း အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုများကို လုပ်ဆောင်မည်ဖြစ်သည်။

ပိစ်အာ့ခ် ဆေးရုံသင်္ဘော**(ဝဲပုံ)**သည် ပင်လယ်ရပ်ခြားဒေသများတွင် လှည့်လည် တာဝန်ထမ်းဆောင်မည့် ကမ္ဘာ့ပထမဆုံး ရေတပ်ဆေးရုံသင်္ဘောဖြစ်သည်။ တရုတ်ပြည်တွင်း၌ပင် တည်ဆောက်ခဲ့သော ယင်းသင်္ဘောကြီးသည် တန်ချိန် ၁၀၀၀၀ ရှိပြီး တရုတ်ရေတပ်တပ်ဖွဲ့ဝင်များနှင့်ဆေးဘက်ဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၄၂၈ ဦး လိုက်ပါသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နေတိုး လေကြောင်းထိုးစစ်ကြောင့် အာဖဂန်အရပ်သား ၁၀ ဦး သေဆုံး

ကဘူး စက်တင်ဘာ ၂

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်သုံးစီးပေါ်တွင် လိုက်ပါလာသော အာဖဂန် အရပ်သား ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားသူ ၁၀ ဦး စက်တင်ဘာ ၂ ရက်က သေဆုံးခဲ့ကြောင်း အာဖဂန် သမ္မတ ဟာမစ်ကာဇိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အာဖဂန်သမ္မတက ပြင်းထန်စွာ ရှုတ်ချထားသည်။ နေတိုးတပ်ဖွဲ့သည် ၎င်း၏ လေကြောင်းတိုက်ခိုက်မှုကို အာဖဂန်မြောက်ပိုင်း တာခါပြည်နယ်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ဟာမစ်ကာဇိုင်း၏ သတင်းထုတ်ပြန်ချက်တွင် အတည်ပြုထားသည်။ ***အေပီ။***

တောင်တရုတ်ရေပြင်၌ ပင်လယ်ဓားပြသောင်းကျန်း အင်ဒိုနီးရှား ကင်းလှည့်မှု တိုးမြှင့်ပေးရန်တောင်းဆို

ကွာလာလမ်ပူ စက်တင်ဘာ ၂

ရက်သတ္တသုံးပတ်မျှအတွင်း သင်္ဘောများအား ပင်လယ်ဓားပြများက တိုက်ခိုက်မှု ကိုးမှု ဖြစ်ပွားခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်ရေပြင်တွင် အင်ဒိုနီးရှားနိုင်ငံကကင်းလှည့်မှုများတိုးမြှင့်လုပ်ဆောင်ပေးရန် ကွာလာလမ်ပူအခြေစိုက် နိုင်ငံတကာ ရေကြောင်းဗျူရိုက စက်တင်ဘာ ၂ ရက်တွင် တောင်းဆိုလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံပိုင်ဖြစ်သော မင်ကိုင်းကျွန်း၊ အနမ်ဘတ်စ်ကျွန်းနှင့် နာကျူနာကျွန်းများ၏ ကမ်းလွန်ရေပြင်တွင် ခုတ်မောင်းနေသော ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများကို ပင်လယ်ဓားပြများက တိုက်ခိုက်ခဲ့ကြပြီး ငွေနှင့်အခြားတန်ဖိုးရှိပစ္စည်းများကို လုယက်ယူငင်သွားကြကြောင်း နိုင်ငံတကာရေကြောင်းဗျူရိုက ပြောကြားသည်။

အရှေ့တောင်ဘက် ကွာလာလမ်ပူ အခြေစိုက် စင်ကာပူရေလက်ကြား၊ အနောက်မြောက်ဘက် အရှေ့အာရှနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ကူးလူးသွားရောက်နိုင်သော ယင်းရေလမ်းကြောင်းတွင် ယခုနှစ်အတွင်း ပင်လယ်ဓားပြမှု ၂၆မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နောက်ဆုံးဖြစ်ပွားခဲ့သော ပင်လယ်ဓားပြမှုမှာ ဩဂုတ် ၁၆ ရက်တွင်ဖြစ်ပွားခဲ့ပြီး ၂၄ နာရီအတွင်း သင်္ဘောနှစ်စင်းမှ သုံးစင်းအထိ ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်ဟု ဆိုသည်။

အင်တာနက်။

ဒစ္စကာဗာရီရုပ်သံဌာန ဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သူ အမေရိကန် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့်သေဆုံး

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်ရှိ ဒစ္စကာဗာရီ ရုပ်သံလွှင့်ဌာန ဌာနချုပ် အဆောက်အအုံအတွင်းသို့ စက်တင်ဘာ ၁ ရက်က ဝင်ရောက်ကာ ဝန်ထမ်းသုံးဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားသော သေနတ်သမားသည် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါသေနတ်သမားသည် အဆောက်အအုံအတွင်းသို့ ဝင်ရောက်စဉ်ကပင် လက်နက်ငယ်တစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းဟု ယူဆရသောအရာတစ်ခု ရင်ဘတ်တွင် ကပ်ချိထားကြောင်း၊ ၎င်းသည် ပါရှိလာသော ဖောက်ခွဲရေးပစ္စည်းများကို ဖောက်ခွဲလိမ့်မည်ဟု ယူဆရသောကြောင့် ရဲတပ်ဖွဲ့က လက်ဦးမှုရယူပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သေနတ်သမားသေဆုံးပြီးနောက် ဖမ်းဆီးခံထားရသော ဓားစာခံသုံးဦးသည် ပြန်လည်လွတ်မြောက်လာကြောင်းသိရသည်။

အဆိုပါ သေနတ်သမားသည် ကယ်လီဖိုးနီးယားပြည်နယ် ဆန်တီယာဂိုမြို့၌ နေထိုင်သူ ဂျိမ်းစ်ဂျေလီဆိုသူဖြစ်ပြီး ဒစ္စကာဗာရီ ရုပ်သံဌာန၏ ထုတ်လွှင့်မှု အစီအစဉ်များကို နှစ်သက်သူ မဟုတ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းက ဒစ္စကာဗာရီ အစီအစဉ်များသည် ကမ္ဘာမြေကို ကယ်တင်ရန် အသုံးမဝင်ကြောင်း ယူဆထားသူဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်းက ယင်းရုပ်သံဌာန၏ အစီအစဉ်များကို ကန့်ကွက်သည့်အနေဖြင့် အဆောက်အအုံရှေ့တွင် ဒေါ်လာထောင်ပေါင်းများစွာကို လွှင့်ကြဲပြခဲ့သောကြောင့် ဖမ်းဆီးခံရဖူးသူဖြစ်သည်။ ***အေပီ။***

ဂျိမ်းစ်ဂျေလီ။



ဓားစာခံဖမ်းဆီးထားမှု ဖြစ်ပွားစဉ် အဆောက်အအုံအပြင်ဘက်၌ စောင့်ကြပ်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တရုတ်နိုင်ငံ ယူနန်တွင် မြေပြို၍ ရှစ်ဦးသေ ၄၀ ပျောက်ဆုံးနေ

ပေကျင်း စက်တင်ဘာ ၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုသဖြင့် အနည်းဆုံးရှစ်ယောက် သေဆုံး၍ ၄၀ ပျောက်ဆုံးနေကြောင်း နိုင်ငံပိုင် သတင်းဌာနများက ကြာသပတေးနေ့တွင် ဖော်ပြကြသည်။

ယူနန်ပြည်နယ် ကျောက်ဆောင်၊ ကျောက်တောင်များပေါများ၍ မြေမျက်နှာပြင်ကြမ်းတမ်းသော ဒေသရှိ ဘာအိုရှန်မြို့အနီး တောင်ပေါ်ကျေးရွာတစ်ရွာကို တောင်ပေါ်မှ ပြိုဆင်းလာသော ရွှံ့နွံများက ဖုံးအုပ်သွားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာရွာပြီးနောက် ဗုဒ္ဓဟူးနေ့ ညနေနှောင်းပိုင်းတွင် ဝါမာကျေးရွာအား ရွှံ့နွံများ ဖုံးအုပ်နေပုံကို နိုင်ငံပိုင်ရုပ်သံက ထုတ်လွှင့်ပြသခဲ့သည်။

မိသားစုများမှ ၁၇ ဦးမှာ အိုးအိမ်အပျက်အစီးများအောက်တွင် ပိတ်မိပြီး ၂၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကျောက်တုံး၊ ကျောက်ခဲများ ဖုံးပြီး ပြိုကျနေသော အဆောက်အအုံများကို ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များက တူးဖော်နေသည့် ဓာတ်ပုံများကို လည်းကောင်း၊ တောင်ဆင်ခြေလျှောတစ်လျှောက်မှ ရွှံ့နွံများ၏ ဓာတ်ပုံများကိုလည်းကောင်း နိုင်ငံပိုင် မီဒီယာများက ပြသခဲ့သည်။ ***အင်တာနက်။***

လာဟိုးမြို့တွင် ဖြစ်ပွားသော အသေခံဗုံးခွဲမှုများကြောင့် သေဆုံးသူ ၃၃ ဦးအထိရှိ

လာဟိုး စက်တင်ဘာ ၂

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့၌ ရှီးယိုက်ပွဲတော်တစ်ရပ်ကျင်းပစဉ် အသေခံဗုံးခွဲသမားသုံးဦးက စက်တင်ဘာ ၁ ရက်တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ သေဆုံးသူဦးရေသည် ၃၃ ဦးအထိရှိလာပြီဖြစ်ပြီး ဒဏ်ရာရသူ အရေအတွက်မှာ ၂၈၁ ဦးရှိပြီဖြစ်ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံတွင် အကြီးအကျယ်ရေလွှမ်းမိုးမှု ကြုံနေရစဉ်အတွင်း ဖြစ်ပွားခဲ့သော အသေအပျောက်အများဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသေခံဗုံးခွဲသမားသုံးဦးအနက် တစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရန် ကြိုးစားခဲ့စဉ်အတွင်း ၎င်းက အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှု သုံးရပ်လုံးသည် မီတာ ၆၀၀ အဝန်းအဝိုင်းအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမပေါက်ကွဲမှုဖြစ်ပွား၍ မိနစ်ပိုင်းမျှအကြာတွင် ဒုတိယပေါက်ကွဲမှုဆက်လက်ဖြစ်ပွားခဲ့သည်။ နောက်မိနစ် ၂၀ ခန့်အကြာတွင် တတိယပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုများတွင် တာဝန်ရှိသူမှာ တာရစ်ခ်အီးတာလီဘန်ပါကစ္စတန်စစ်သွေးကြွအုပ်စုဖြစ်ကြောင်း ၎င်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ***အေပီ။***

အစ္စရေးကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်မည်ဟု ဟားမားစ်ပြောကြား

ဂါဇာစီးတီး စက်တင်ဘာ ၂

အမေရိကန်နိုင်ငံဝါရှင်တန်မြို့၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသစ်ကို စက်တင်ဘာ ၂ တွင် စတင်ကျင်းပနေစဉ် ပါလက်စတိုင်းဟားမားစ် လှုပ်ရှားမှုအဖွဲ့က အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြထားသည်။

အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးအခြေစိုက်နေထိုင်သူ လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည့် တိုက်ခိုက်မှုနှစ်ရပ်ဖြစ် ပွားခဲ့ပြီးနောက် ဟားမားစ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက အစ္စရေးဆန့်ကျင်ရေး တိုက်ပွဲများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အနောက်ဘက်ကမ်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့ ပါဝင်ပတ်သက်နေသည်ဟုဆိုသည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းသမ္မတနှစ်ဦးစလုံးက ယင်းတိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည်။ ***အင်တာနက်။***

သမိုင်းတစ်လျှောက်အပူဆုံးနွေရာသီနှင့် ဂျပန်နိုင်ငံရင်ဆိုင်နေရ

တိုကျို စက်တင်ဘာ ၂

ဂျပန်နိုင်ငံသည် သမိုင်းတစ်လျှောက်အပူပြင်းဆုံးသောနွေရာသီကို ရင်ဆိုင်ဖြတ်သန်းနေရကြောင်း မိုးလေဝသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂ရက်တွင် ပြောကြားသည်။ မိုးလေဝသပညာရှင်များ၏အဆိုအရ ယခုနှစ်အတွင်း ပုံမှန်မဟုတ်သော နွေရာသီအပူချိန်မြင့်တက်မှုကို တွေ့ကြုံနေရသည့် တောင်ယဉ်စွန်းတန်းနိုင်ငံများထဲတွင် ပါဝင်နေကြောင်းသိရသည်။

ဂျပန်နိုင်ငံတစ်လွှား၌ ယခုနှစ်ဇွန်လမှ ဩဂုတ်လအတွင်း အပူချိန်သည် သမိုင်းတစ်လျှောက် ပျမ်းမျှစံနှုန်းများထက် ကျော်လွန်ကာ ၁ ဒသမ ၆၅ ဒီဂရီဆဲလ်စီးယပ်စ်ပိုမိုမြင့်တက်လာကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ယခုနှစ်နွေရာသီအတွင်းအပူချိန်မြင့်မားမှုကြောင့် ဂျပန်နိုင်ငံသား ၄၆၀၀၀ ကျော်ခန့်သည် အပူချိန်လွန်ကဲမှုနှင့် ဆက်နွယ်သော ဝေဒနာများခံစားခဲ့ရသည့်အတွက် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရပြီး ၁၅၀ သေဆုံးခဲ့ရသည်။ ***အေပီ။***

ပထမဆုံးကမ္ဘာ့ဖလားဘောလုံးပွဲ၏ နောက်ဆုံးကျန်ကစားသမားကြီး ကွယ်လွန်

ဗျူနိုအေးရိစ် စက်တင်ဘာ ၂

၁၉၃၀ ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမဆုံး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ကစားခဲ့သော ကစားသမားများအနက် နောက်ဆုံးသက်ရှိ ထင်ရှားကျန်ရစ်သူ အာဂျင်တီးနား ကစားသမားကြီးဖရန်စစ္စကို ဗာရယ်လိုသည် အသက် ၁၀၀ အရွယ်တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၃၁ သတင်းများတွင် ဖော်ပြထားသည်။

ဗာရယ်လိုသည် ၁၉၃၀ ခုနှစ်က ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့တွင် အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ရာတွင် ပါဝင်ကစားခဲ့သော အာဂျင်တီးနား ကစားသမားဖြစ်သည်။ ယင်းပွဲစဉ်တွင် ဗာရယ်လို၏ အာဂျင်တီးနား အသင်းသည် ဥရုဂွေးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဗာရယ်လိုသည် ဘိုကာဂျူနီယာကလပ်တွင် ကစားခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၉၄ ဂိုးသွင်းကာ စံချိန်သစ် တစ်ရပ်တင်ပေးနိုင်ခဲ့သူဖြစ်သည်။ ယင်းစံချိန်ကို လက်ရှိ ဘိုကာဂျူနီယာ တိုက်စစ်မှူး မာတင်ပါလာမိုတစ်ဦးတည်းကသာ ချိုးနိုင်ခဲ့သည်။ ***အင်တာနက်။***

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံတွင်းတူးစင်တစ်စင် ပေါက်ကွဲ မီးလောင်မှုဖြစ်ပွားပြန်

ရေနံတွင်းတူးစင်ပေါက်ကွဲသည့်နေရာပြမြေပုံနှင့် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်လျက်ရှိသည့် အမေရိကန်ကမ်းခြေစောင့်ရေယာဉ် တစ်စင်းကို တွေ့ရစဉ်။

နယူးအော်လင်းဒ် စက်တင်ဘာ ၂ ။ အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်ကမ်းလွန် မက္ကဆီကို ပင်လယ်ကွေ့အတွင်းရှိ မရိန်းနားအင်နာဂျီကုမ္ပဏီပိုင် ကမ်းလွန်ရေနံတွင်းတူးစင်တစ်စင်သည် စက်တင်ဘာ ၂ ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ပင်လယ်ထဲသို့ တွင်းတူးစင်အလုပ်သမား ၁၃ ဦး ပြုတ်ကျခဲ့သော်လည်း သေဆုံးသူမရှိကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ရေနံတွင်းတူးစင် မီးလောင်ပေါက်ကွဲမှုကို ယင်းနေရာအနီး ရောက်ရှိနေသော ရဟတ်ယာဉ်တစ်စင်းက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယခုပေါက်ကွဲမှုဖြစ်ပွားသည့် ရေနံတွင်းတူးစင်သည် လူဝီစီယားနား အလယ်ပိုင်းကမ်းခြေ ဗာမီလီယံပင်လယ်အော် တောင်ဘက် မိုင် ၈၀ အကွာတွင် တည်ရှိပြီး ဧပြီလအတွင်းက ပေါက်ကွဲနစ်မြုပ်ခဲ့သည့် ဘီပီကုမ္ပဏီရေနံတွင်းတူးစင်၏ အနောက်ဘက်တွင်တည်ရှိသည်။ ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရဟတ်ယာဉ်ခုနစ်စင်း၊ လေယာဉ်နှစ်စင်းနှင့် သင်္ဘောလေးစင်းတို့က အဆိုပါနေရာသို့ သွားလျက်ရှိသည်။

ပေါက်ကွဲမှုကြောင့် ရေထဲကျသွားသော တွင်းတူးစင်အလုပ်သမား ၁၃ ဦးကို လောင်စာဆီထောက်ပံ့ရေး သင်္ဘောတစ်စင်းကသယ်ယူ၍ အခြားရေနံတွင်းတူးစင်တစ်ခုပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ရေနံတွင်းတူးစင်ပေါက်ကွဲမီးလောင်မှုကြောင့် ရေနံယိုဖိတ်မှု ဖြစ်ပွားခြင်းမရှိကြောင်းသိရသည်။ ***အေပီ။***

ပါကစ္စတန် ရေဘေးဒုက္ခသည်များ အီရန်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်နိုင်

အစ္စလာမ္မာဘတ် စက်တင်ဘာ ၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ရေဘေးသင့်ဒေသများ၌ ဖြစ်ပေါ်နေသော အခြေအနေဆိုးများသည် ယင်းဒေသမှ ဒုက္ခသည်များကို အိမ်နီးချင်း အီရန်နိုင်ငံတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်စေရန် တွန်းအားပေးနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ဘလူချီစတန် ပြည်နယ်သည် ရေဘေးဒဏ်ကို ပထမဆုံးခံခဲ့ရသော်လည်း ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပါကစ္စတန်အစိုးရသည် ယင်းပြည်နယ်ကို ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်ခဲ့ခြင်း မရှိပေ။

ယခုအခါ ဘလူချီစတန်ရှိ ၁ သန်းနီးပါးမျှရှိသော ရေဘေးဒုက္ခသည်များသည် ပါကစ္စတန်အစိုးရ၏ ထောက်ပံ့မှုများ ကင်းမဲ့နေသည့်အဖြစ်ကြောင့် အီရန်နိုင်ငံတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်နိုင်ဖွယ်ရာရှိကြောင်း ကုလဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ်ပါဆူတိုင်ဖုန်းမုန်တိုင်းကြောင့် တောင်ကိုရီးယားတွင် လူ ၄ဦး သေဆုံး

ဆိုးလ် စက်တင်ဘာ ၂

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင် စက်တင်ဘာ ၂ ရက်က တိုက်ခတ်ခဲ့သော ကမ်ပါဆူတိုင်ဖုန်းမုန်တိုင်းကြောင့် အနည်းဆုံး လူ ၄ဦး သေဆုံးခဲ့ရပြီးသစ်ပင်များ၊ လမ်းမီးတိုင်များပြိုလဲခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းမုန်တိုင်းသည် ၁၅ နှစ်တာကာလအတွင်း ဆိုးလ်မြို့တော် ဧရိယာတွင် တိုက်ခတ်ခဲ့ဖူးသမျှ အင်အားအပြင်းထန်ဆုံးမုန်တိုင်းဟု ဆိုနိုင်သည်။

ပြင်းထန်သော လေတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရပြီး လူနေအိမ်ထောင်ပေါင်းများစွာတို့ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရသည်။ နိုင်ငံတကာလေကြောင်း ခရီးစဉ်ပေါင်း ၆၀ ကျော်တို့မှ အချို့ဖျက်သိမ်းခဲ့ရပြီး အချို့မှာ အချိန်နှောင့်နှေးခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားသည်။

ကမ်ပါဆူတိုင်ဖုန်းမုန်တိုင်းကြောင့် အင်ချွံ အားကစားကွင်း ထိခိုက်ပျက်စီးခဲ့ပြီး အပျက်အစီးပမာဏ ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံခန့်ရှိကြောင်း အားကစားကွင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ယင်းမုန်တိုင်းသည် ကိုရီးယားကျွန်းဆွယ်ဒေသမှ စက်တင်ဘာ ၂ ရက် ညနေ ပိုင်းတွင် ထွက်ခွာမည်ဟု ခန့်မှန်း

ရသော်လည်း မုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၃ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ပြီး မိုးရေချိန်လက်မ ၈၀ ကျော်မည်ဟု ခန့်မှန်းထားကြောင်း ကိုရီးယားမိုးလေဝသအေဂျင်စီက ပြောကြားသည်။ ***အေပီ။***

❑ **နိုင်ငံတစ်ဝန်းမှ**

၈ မိုင်နှင့် ၉ မိုင်ကြား အက်(စ်)ကွေ့ တစ်ကွေ့ရှိသည်။ ထို့နောက် ကိုးကွေ့(ရေတံခွန်)စခန်း၌ လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းဆွေနှင့် ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးဌေးလှိုင်တို့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းလမ်းအတိုင်း လိုက်ပါလာပြီး လမ်းအနေအထားများကို လိုက်လံရှင်းလင်းပြသသည်။ ထိုမှ ၁၃ မိုင်တွင် လုံးထိုရွာကို ရောက်ရှိပြီး ၁၅ မိုင်တွင် လက်ဆွဲရွာကိုရောက်၍ ၁၈ မိုင်တွင် ဒေင်ရွာကို ရောက်ရှိသည်။

အဆိုပါရွာများတွင် တိုင်းရင်းသားများ အေးချမ်းစွာနေထိုင်လျက်ရှိပြီး တောင်ယာလုပ်ငန်းဖြင့် ငှက်ပျော၊ နနွင်းတို့ကို စိုက်ပျိုးကြသည်။ တောင်ကျရွာကို ရောက်လျှင် ရေပူစမ်းသို့ ခေတ္တဝင်ရောက်ခဲ့ပြီး ဆက်လက်၍ လိန်းလီရွာသို့ ရောက်ခဲ့သည်။

တောင်ကျနှင့် လိန်းလီရွာကြားတွင်"ဂ" ကွေ့ ၁၅ ကွေ့ရှိကြောင်း၊ နန်းပန်းတက်ညောင်ပင်အထိ ပေပေါင်း ၄၈၁၂ ပေ မြင့်ပြီး အမြင့်ဆုံးနေရာဖြစ်ကြောင်း လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းဆွေက ရှင်းလင်းပြောကြားသည်။ လိန်းလီရွာတွင် ယခုအခါ လိန်းလီကြိုးတံတားကြီး တည်ဆောက်လျက်ရှိရာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးနှင့် ကားတစ်စီးချင်းခံနိုင်ဝန် ၇၅ တန် ဖြတ်ကျော်သွားလာနိုင်သော တံတားကြီးဖြစ်ကြောင်း သိရှိရသည်။

လိန်းလီကြိုးတံတားကြီး တည်ဆောက်နေမှုကို ကြည့်ရှုခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်လမ်းပိုင်းတွင် တောတောင်များကို ကွေ့ပတ်ဖောက်လုပ်ထားသည့် အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းကို တွေ့ရသည်။ တောင်ကျမှ လိန်းလီအထိ ၁၉ မိုင်ရှိသည်။ ရှမ်းပြည်နယ်အပိုင်းတွင် နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းသည် ပို၍ ရှည်လျားပြီး လိန်းလီမှချောင်းခွ၊ နန်းပန်းကုန်းစီ၊ ဇာတရွာများကို ဖြတ်ကျော်၍ ၆၆ မိုင် ၃ ဖာလုံတွင် ယင်းမှီးရွာကို ရောက်၏။ နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းသည် ရန်ကုန်-မန္တလေးလမ်း မိုင် ၂၇၁/၄ ကင်းသာမှ စတင်၍ ကင်းသာ-ကိုးကွေ့လမ်းဆုံမှ ကိုးကွေ့-ယင်းမှီးလမ်းအပိုင်း အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း မိုင် ၄၄/၀ ယင်းမှီးကျေးရွာအနီးသို့ ဝင်ရောက်သည်။ အဆိုပါ ယင်းမှီးကျေးရွာလမ်းဆုံမှ ပင်လောင်းမြို့ပေါ်သို့ နှစ်မိုင်ဝင်ရောက်လာရသည်။

နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းတစ်လျှောက် ဖြတ်သန်းသွားလာခဲ့ရာ ကိုးကွေ့ချောင်း၊ ရေပူချောင်း၊ ရေအေးချောင်း၊ ခွေးမြီးချောင်း၊ ပေါင်းလောင်းမြစ်ဖျား၊ လုံလင်းချောင်း၊ ထင်ရေးချောင်းတို့ကို တွေ့ရှိရပြီး တောင်စဉ်တောင်တန်းများကြားမှ စီးဆင်းလာကြသည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်ခရိုင် ဆက်သွယ်ရာ ရတနာလမ်းမကြီးဖြစ်ပြီး ဒေသခံတိုင်းရင်းသားများအတွက် များစွာအထောက်အကူပြုသည်။

ဒေသခံတိုင်းရင်းသားများသည် ထွက်ရှိသောကုန်များကို အများအားဖြင့် ကုန်ချင်းဖလှယ်ကြသည်။ ယခုအခါ ကုန်တင်ကားများနှင့် ခရီးသည်ကားများပြေးဆွဲနေကြပြီဖြစ်၍ ကုန်စည်လဲလှယ်မှု လွယ်ကူလာသည်။ လမ်းတစ်လျှောက်တွင် သစ်တော၊ ဝါးတောများရှိပြီး စိမ်းလန်းသာယာလျက်ရှိသည်။ ဒေသခံများသည် မြေပဲ၊ နှမ်း၊ ဂျုံ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးပြီး အများဆုံးမှာ တောင်ယာစပါး စိုက်ပျိုး၍ ဒုတိယအများဆုံးမှာ လက်ဖက်၊ အာလူးများ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် အကောင်းဆုံးရွှေနီငှက်ပျောထွက်ရှိရာဒေသဖြစ်သည်။

နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်း ဖောက်လုပ်ပေးခြင်းအားဖြင့် လမ်းပိုင်းခရီးတိုတောင်းစေပြီး လျင်လျင်မြန်မြန် ကုန်စည်များစီးဆင်းစေနိုင်သည်။ ယခင်က ပင်လောင်းသို့သွားမည်ဆိုလျှင် မိတ္ထီလာဘက်လှည့်၍ ပျဉ်းမနား-မိတ္ထီလာ ၉၇ မိုင်၊ မိတ္ထီလာ-အောင်ပန်းလမ်းခွဲအထိ ၇၄ မိုင်၊ အောင်ပန်းလမ်းခွဲမှ ပင်လောင်းသို့ ၄၂ မိုင် စုစုပေါင်း မိုင် ၂၀၀ ကျော်သွားရသည်။ ယခုအခါ နေပြည်တော်ပျဉ်းမနားမှ ပင်လောင်းသို့ခရီးမိုင် ၇၀ ကျော်ဖြင့် သွားလာနေကြရပြီဖြစ်၍ မိုင်ပေါင်း ၁၃၀ ခန့် သက်သာသွားစေသည်။ ပင်လောင်းမြို့မှတစ်ဆင့် ကယားပြည်နယ်သို့လည်းကောင်း၊ ရှမ်းပြည်နယ် အောင်ပန်းမြို့သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီး ပင်လောင်းမှ နေပြည်တော်-တပ်ကုန်း၊ ရန်ကုန် - မန္တလေး ကားလမ်းမကြီးမှ ရန်ကုန်-မန္တလေးမြို့ကြီးများအထိ ဆက်သွယ်သွားလာနိုင်သည်။ ထို့အတူ နေပြည်တော်ပျဉ်းမနားမှ နေပြည်တော်ပျဉ်းမနား-တောင်တွင်းကြီး ကားလမ်းအတိုင်းသွားပြီး တောင်တွင်းကြီးမှ မကွေး၊ မင်းဘူးမြို့များအထိ သွားလာနိုင်ပြီဖြစ်သည်။ ထို့နောက် ရခိုင်ပြည်နယ်အထိ ခရီးပေါက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်ဒေသများသို့ ပေါင်းကူးဆက်သွယ်တည်ဆောက်ပေးထားသည့် နေပြည်တော် - ပျဉ်းမနား - ပင်လောင်း လမ်းမကြီးသည် နိုင်ငံတော်၏ အဖိုးတန်ရတနာလမ်းမကြီးဟု ဆိုနိုင်တော့သည်။ ။

နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော လိန်းလီကြိုးတံတားကြီးကို လိန်းလီဘေလီတံတားပေါ်မှ တွေ့ရစဉ်။

နေပြည်တော် - ပျဉ်းမနား- ပင်လောင်းလမ်း ရှမ်းပြည်နယ်လမ်းပိုင်းတွင် ကားကြီး၊ ကားငယ်များ ဖြတ်သန်းသွားလာလျက် ရှိသည်ကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေးလမ်းမကြီးမှ နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းခွဲဆိုင်းဘုတ်ကို တွေ့ရစဉ်။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၃-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (ရတနသုတ်+ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ကြည့်တတ်ကြပါစေ)
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက်တေးလက်ဆောင်
၅း၀၀	Music Talk တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရင်ခုန်စီးဆင်းအနုပညာသတင်း(၆)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၆း၂၀	တေးချစ်သူရွှေးသီ တေးပန်းချီ
၆း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာ နားဆင်စရာ (အမေ)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရော) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး (ဝါသနာနှင့် ရည်ရွယ်ချက်)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး။

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား သြစတြေးလျနှင့် ဂျပန် သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနေသဟာယနိုင်ငံသံအမတ်ကြီး H.E.Ms.Michelle Su- Wen Chan သည် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA သည် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနေသဟာယနိုင်ငံသံအမတ်ကြီး H.E.Ms.Michelle Su- Wen Chan လာရောက်တွေ့ဆုံစဉ်။ (လယ်/ဆည်)

စက်တင်ဘာ ၂ ရက်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Hana Group မှ President Mr. Chris Park နှင့် အဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော တည်ဆောက်ရေးလုပ်ငန်း ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရွှေဦးစွာ ပုတီးကုန်းပြည်သူ့ဆေးရုံ၌ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်း တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်နေ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆင်မြီးဆွဲ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ယင်းနောက် သဲကုန်းပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်နေ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပျိုးရေးသင်တန်း ပညာသင်ဆုရ သင်တန်းသားများ အစ္စရေးနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

အစ္စရေးနိုင်ငံ ရာမက်နီဂျိ(ဗ်)သဲကန္တာရ စိုက်ပျိုးရေးသုတေသန ဗဟိုဌာန၏ စိုက်ပျိုးရေးသင်တန်း ပညာသင်ဆု သင်တန်းကာလ ၁၁ လအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့က ရွေးချယ်ပြီး စူပရင်းကုမ္ပဏီများအုပ်စုက ပံ့ပိုးသည့် ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးဘွဲ့ရ သင်တန်းသားလေးဦးတို့သည် စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။

(သတင်းစဉ်)

အစ္စရေးနိုင်ငံ ရာမက်နီဂျိ(ဗ်) သဲကန္တာရ စိုက်ပျိုးရေးသုတေသန ဗဟိုဌာန၏ စိုက်ပျိုးရေးသင်တန်း ပညာသင်ဆု သင်တန်းကာလ ၁၁ လအတွက် ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးဘွဲ့ရ သင်တန်းသား လေးဦးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီးသို့ ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂

နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများ ရန်ကုန်ကလေးဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်နိုင်က ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် 0112 Y 009469 ဖြင့် ထုတ်လုပ်ခွင့် ရရှိထားကြောင်း၊ သဘာဝစပါးလင်ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော စနိုးဖြစ်ကြောင်း၊ မွှေးကင်းစအရွယ်မှ အိုမင်းသည့်အရွယ်ထိ ခန္ဓာကိုယ် အကာအကွယ်မဲ့ နေရာတိုင်းတွင် လိမ်းထားရုံဖြင့် ခြင်နှင့် ပိုးမွှားများ ကိုက်ခြင်းမှ လုံးဝကာကွယ်ပေးကြောင်း၊ အသားအရေကို ထိခိုက်စေသော ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးများ လုံးဝမပါ၍ အန္တရာယ်ကင်းစွာ လိမ်းနိုင်ရုံသာမက အသားအရေကို ချောမွေ့စေကြောင်း၊ စွန်းထင်းခြင်းမရှိသည့်အတွက် ဝတ်ဆင်ထားသည့် အဝတ်အစား၌ပါ သုတ်လိမ်းထားခြင်းဖြင့် ခြင်အန္တရာယ်မှ ကာကွယ်နိုင်ကြောင်း၊ ခြင်နိုင်မင်းသည် စနိုးဖြစ်၍ လိမ်းထားရုံဖြင့် ခြင်အန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း၊ ခြင်အန္တရာယ်မှ ကင်းဝေးစေသည့်အတွက် ကျန်းမာရေးကို အထောက်အပံ့ပြုပြီး စာပေသင်ကြားခြင်းနှင့် လုပ်ငန်းဆောင်တာများကို နေ့ညမရွေး အာရုံစူးစိုက်ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲရာတွင်လည်း ကုန်ကျစရိတ် အလွန်သက်သာကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နဂါးနှစ်ကောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများကို ဦးကျော်နိုင်က ပေးအပ်လှူဒါန်းရာ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ရန်ကုန်ကလေးဆေးရုံကြီးသို့ လှူဒါန်းသော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးမှာ ငွေကျပ် ၁၀ သိန်းဖိုးဖြစ်ကြောင်း သိရသည်။

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် အသုံးပြုရန်နှင့် သယ်ယူသိမ်းဆည်းရန် လွယ်ကူပြီး တရားစခန်း တရားထိုင်သူများ၊ ကလေးငယ်များရှိသည့် ပရဟိတဂေဟာများ၊ နေ့ကလေးထိန်းဌာနများ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ စသည်တို့သို့ လှူဒါန်းလိုသူများနှင့် ကိုယ်စားလှယ်အဖြစ် တစ်ဆင့် ဖြန့်ဖြူးလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများသည် နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ် (၇၇၆) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းအနီး) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၃၉၆၀၊ ၂၂၅၇၆၁၊ ၂၁၁၃၅၇ နှင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဖုန်း-၀၆၇-၇၀၂၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်နိုင်က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးများကို ကလေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တပ်မတော်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနဲ့ ထပ်တူရှင်သန် ပေါက်ဖွားလာခဲ့တဲ့ အမျိုးသားရေးအင်အားစုကြီး ဖြစ်ပါတယ်။ တပ်မတော်ရဲ့ သမိုင်းဂုဏ်ရောင် ထွန်းပြောင်တဲ့ စွမ်းဆောင်အောင်မြင်မှုတွေကြောင့် နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ပြီး အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်နိုင်ခဲ့သလို မြန်မာပြည်သူအားလုံးဟာ သူ့ကျွန်ဘဝ၊ သူ့ကျွန်တွင်းက လွတ်မြောက်ပြီး လွတ်လပ်တဲ့ သခင်လူမျိုး၊ သခင်ပြည်သူများအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ရပ်တည်ရှင်သန်နိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် တပ်မတော်ဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သလို နိုင်ငံရဲ့အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မယ့်အခြေအနေမျိုး၊ ပြည်သူတွေရဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရတော့မယ့် အခြေအနေမျိုးကြုံလေတိုင်း နိုင်ငံနဲ့ ပြည်သူကို မှဲ့တစ်ပေါက်မစွန်းရအောင် ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ် စွမ်းဆောင်ပေးနိုင်ခဲ့တာကိုလည်း လေးစားစွာ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒီနေ့အခါမှာတော့ တပ်မတော်ဟာ နိုင်ငံနဲ့ ပြည်သူအတွက် အဓိက အမျိုးသားရေးအင်အားစုကြီး တစ်ရပ်အဖြစ် ရပ်တည်ပြီး အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို တည့်မတ်စွာ လှမ်းချီမျက်မှောက်ပြုနိုင်ဖို့အတွက် ဦးဆောင်လမ်းပြလျက်ရှိပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို အရှိန်အဟုန်နဲ့ ချီတက်လျက်ရှိသလို တစ်ဖက်ကလည်း နိုင်ငံနဲ့ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အခိုင်အမာ ဖြစ်ထွန်းရှင်သန်လာအောင် ပျိုးထောင်တည်ဆောက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်လည်း ဒီနေ့ ပြည်သူက တပ်မတော်အပေါ် ယုံကြည်အားကိုးမှုအပြည့်နဲ့ အားတက်သရော ထောက်ခံအားပေးလျက်ရှိပါတယ်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်း ရှင်သန်နိုင်အောင်၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီကို အသွင်ကူးပြောင်းနိုင်အောင် တပ်မတော်ဟာ အဓိကအခန်းကဏ္ဍက ပါဝင်ဖို့ မဖြစ်မနေ လိုအပ်တယ်လို့လည်း နားလည်ခံယူ စွဲမြဲထားကြပါတယ်။ တပ်မတော်ခိုင်မာပါမှ နိုင်ငံနဲ့ ပြည်သူရဲ့အနာဂတ် ခိုင်မာမှာဖြစ်သလို တပ်မတော်အင်အား တောင့်တင်းပါမှ အနာဂတ်နိုင်ငံတော်ရဲ့အင်အား တောင့်တင်းကြံ့ခိုင်မှာဖြစ်တဲ့အတွက် ပြည်သူက တပ်မတော်ကို ယုံကြည်အားကိုးပြီး အင်အားတောင့်တင်းခိုင်မာစေချင်တာလည်း အမှန်ပါပဲ။ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတာကို ကျွန်တော်တို့ အကြွင်းမဲ့ လက်ခံယုံကြည်ထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ပြည်သူက တပ်မတော်အင်အား တောင့်တင်းပြီး ခိုင်မာတိုးတက်စေချင်တာမှန်သော်လည်း တပ်မတော်ကို အင်အားချည့်နဲ့ပြီး ပြိုကွဲသွားစေချင်တဲ့ အကြံပက်စက်ဆန်ကောလောက်မှဖောက်မနက်တဲ့ အကြံသမားတချို့ ရှိနေသေးတာကိုလည်း သတိပြုမိပါတယ်။ သူတို့ကတော့ အာဏာမျက်နှာတစ်ခုတည်းကြည့်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ပြည်တွင်းပြည်ပ လက်တစ်ဆုပ်စာ သစ္စာဖောက်ပုဆိန်ရိုးအုပ်စုပါပဲ။ ငါအာဏာရဖို့၊ ငါ့အုပ်စုကောင်းစားဖို့အတွက် တပ်မတော်ပြိုကွဲမှဖြစ်မယ်၊ တပ်မတော်အင်အား ချည့်နဲ့ယိုင်လဲသွားမှ ငါ့လှေငါထိုး၊ ငါ့မြင်းငါစိုင်း ထင်တိုင်းကြဲလိုက်ဦးမယ်ဆိုတဲ့ ထင်တစ်လုံးနဲ့ တပ်မတော်ကို ပြိုကွဲအောင်၊ အင်အားချည့်နဲ့အောင်၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းကနေ ယိမ်းယိုင်သွေဖည်သွားအောင် အမျိုးမျိုးကြိုးစား ဖြိုခွဲထိုးနှက်နေကြပါတယ်။ တပ်မတော်ပြိုကွဲရင် နိုင်ငံလည်းပြိုကွဲပြီး ပုဆိန်ရိုးအုပ်စု အပါအဝင် မြန်မာပြည်သူအားလုံး ခေတ်သစ်ကိုလိုနီကျွန်ဘဝ ပြန်ရောက်သွားမယ်ဆိုတာ ထည့်တွက်ဆင်ခြင်နိုင်ပုံမရပါဘူး။ မမျှော်မှန်းနိုင်တဲ့ ဆိုးကျိုးတွေ တစ်သီကြီး ကြုံလာနိုင်တယ်ဆိုတာကိုလည်း စဉ်းစားသုံးသပ်နိုင်ပုံမရှိပါဘူး။ ဒီလိုအာဏာနောက်ကိုသာ ငမ်းငမ်းတက်လိုက်ရင်း တစ်နပ်စားဉာဏ်နဲ့ အကြံကုန်ဂဠုန်ဆားချက် လုပ်ရပ်တွေ

ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသ

မဆင်မခြင်လုပ်နေတာဟာ နိုင်ငံနဲ့ပြည်သူအတွက် အလွန်ပဲ အန္တရာယ်ကြီးလှပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း အဲဒီပုဆိန်ရိုးအုပ်စုတွေဟာ အနောက်ပြည်ပအသံလွှင့်ဌာနတွေနဲ့ပေါင်းပြီး မမှန်သတင်း၊ လုပ်ကြံသတင်း၊ လိမ်ညာဖန်တီးသပ်လျှိုတဲ့သတင်း၊ လီဆယ်မှိုင်းတိုက်တဲ့သတင်းတွေကို အဆက်မပြတ် ထုတ်လွှင့်နေပါတယ်။ ဒါတွေကို ၁၉၈၈ နောက်ပိုင်းကာလများကစပြီး တမင်ရည်ရွယ်ချက်ရှိရှိ တစိုက်မတ်မတ် လုပ်လာခဲ့ကြောင်း တွေ့ရှိနိုင်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ တိုင်းပြည်ပြိုကွဲပျက်စီးဖို့၊ အချင်းချင်းသွေးကွဲပြီး ဟသ်ာကိုးသောင်းဇာတ်ခင်းစေဖို့၊ နောက်ဆုံးအပူလုံးကြွ ယူကျုံးမရ လူလုံးမလှဖြစ်ပြီး အနောက်ကိုလိုနီ နယ်ချဲ့လက်သစ်တွေရဲ့ လက်ဝေခံခေတ်သစ်ကိုလိုနီဘဝ ကျရောက်စေဖို့ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်ကြပြီးသားဖြစ်နေပါပြီ။

အခုတလော အနောက်အသံလွှင့်ဌာနတွေရဲ့ ထပ်ထပ်ကြိမ်းနေတဲ့ မုသာဝါဒလေလှိုင်းသံတွေကြားထဲမှာ တပ်မတော်ဖြိုခွဲရေးနဲ့ပတ်သက်ပြီး အတော်ကို ရုပ်ပျက်ဆင်းပျက်နိုင်လှတဲ့ ထုတ်လွှင့်ချက်အချို့ကို နားကြားပြင်းကတ်လောက်အောင် ကြားနေရပါတယ်။ အဲဒါကတော့ ရဲမွန်ဘက်က တပ်ရင်းတွေနဲ့ သက်ဆိုင်တဲ့သတင်းပါပဲ။ ရဲမွန်မှာရှိတဲ့ တပ်မလက်အောက်ခံ တပ်ရင်းရှစ်ရင်းမှာ ဝန်ထမ်းစုငွေတွေ ပြန်ထုတ်လို့မရတဲ့အတွက် တပ်တွင်းအမိန့်မနာခံမှုတွေဖြစ်ပြီး ပြဿနာတက်နေကြောင်း၊ အရင်တုန်းကလည်း ပြည်အင်းမဘက်ကတပ်တွေ၊ ပဲခူးဘက်က တပ်တွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းမှားတွေနဲ့ တပ်မတော် သွေးခွဲရေးလုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ထုံးဘို၊ ဆင်တဲဘက်က ကပစ စက်ရုံတွေဘက်ကို ခြေဦးလှည့်ပြီး မဟုတ်မမှန်သတင်းတွေနဲ့ တပ်တွင်းပြိုကွဲအောင် လုပ်ကြံခဲ့ပါတယ်။ တကယ်တမ်း ပြန်လေ့လာကြည့်တော့ သက်ဆိုင်ရာ နယ်မြေဒေသတွေ၊ တပ်ရင်းတွေ၊ စက်ရုံတွေမှာ ဘာဖြစ်စဉ်၊ ဘာပြဿနာမှမရှိဘဲ အားလုံး တည်ငြိမ်အေးချမ်းစွာနဲ့ ပုံမှန်အတိုင်း ရှိနေတယ်ဆိုတာကို ပြည်သူအားလုံး နားလည်သဘောပေါက်ခဲ့ကြပါပြီ။

ယခု ရဲမွန်တပ်မ(၁၁) ဖြစ်စဉ်မှာလည်း ရဲမွန်တပ်မြို့တစ်ခုလုံးဟာ ပုံမှန်ပကတိ အေးဆေးတည်ငြိမ်လျက်ရှိသလို တပ်ရင်းအားလုံးမှာလည်း အရာရှိ၊ စစ်သည်များအားလုံး "ဘယ်သူခွဲခွဲ တို့မကွဲ၊ အမြဲစည်းလုံးမည်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံ့တာဝန်၊ တပ်မတော်တာဝန်များကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ ဘယ်ရဲဘော်မှ အာဏာဖီဆန်ခဲ့တာမရှိသလို ဘယ်တပ်မှလည်း သွားဝိုင်းရတာမျိုး မရှိခဲ့ပါဘူး။ ဘယ်တပ်ရင်းမှူးမှလည်း အဖမ်းမခံခဲ့ရပါဘူး။ ရဲမွန်တပ်မြို့တစ်ခုလုံး အသွားအလာမပျက်၊ အလုပ်အကိုင်မပျက်၊ အဝယ်အခြမ်းမပျက် စည်စည်ကားကား အေးအေးချမ်းချမ်း ရှိနေပါတယ်။ အခုဆိုရင် တပ်မမှူးဒိုင်း ဘောလုံးပြိုင်ပွဲကြီးကို ရဲမွန်တပ်မြို့ ဘောလုံးကွင်းမှာ ကျင်းပနေတာမို့လို့ ညနေတိုင်း ဘောလုံးပွဲအားပေးကြတဲ့ ရွှေပွဲလာ

ထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီး
ထကြွလာတဲ့ အခြေအနေမျိုးအ
တွန်းပို့နေတာပါပဲ။ ဒီလို အရိုးလိုလို့
ကျွန်တော်တို့ ပြည်သူတွေက အ
နားလည်သဘောပေါက်ကြဖို့ အ

ဒီလိုလုပ်နေကြတာလည်း အ
ပါဘူး။ ကျွန်တော်တို့သက်တမ်း အ
ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာ
မဟုတ်မမှန် လုပ်ကြံဇာတ်လမ်း
ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း
တပ်မတော်ဖြိုခွဲရေးလုပ်ခဲ့တာလည
ဒါပေမယ့် နေလာနှင်းပျောက်ဆို
လီဆယ်စကားတွေဟာ အမှန်တရာ
ပြိုကွဲလွင့်စဉ်ပျောက်ကွယ်သွားရစ

အားလုံးသိပြီးဖြစ်တဲ့အတိုင်း
လည်း ဆန့်ကျင်ဘက်အုပ်စုတွေအ
နည်းလမ်းပေါင်းစုံသုံးပြီး အင်တိုက်
ဒီနေ့ ဆန့်ကျင်ဘက်အုပ်စုတွေရဲ့
ရှိနေတဲ့ ပုဂ္ဂိုလ်ကြီးငယ်တွေကိုယ်
တပ်မတော်ဖြိုခွဲရေးစကားတွေကို
အရင်းသန်သန် ပြောခဲ့ဟော
ဒါ့အပြင် ကြေညာချက်အတုတွေ

မဟုတ်မမှန် လုပ်ကြံသတင်းတွေကို ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်
ဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်းသိပါလျက်နဲ့ ဘီဘီစီလို ပြည်ပအသံလွှင့်ဌာနတွေက
အားပါးတရ ထုတ်လွှင့်ပေးနေကြခြင်းဟာ တပ်မတော်အတွင်းသာမက ကျွန်တော်တို့ ပြည်သူများအတွင်းမှာပါ စိတ်ဝ
ကြောင်ထင် အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရုတ်ရုတ်သဲသဲအခြေအနေတွေ ပေါ်ပေါက်လာအောင် ရည်ရွယ်တာပါ
အပေါ် အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တပ်မတော်ပြိုကွဲတာမျိုးကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယော
အမောင်တောင်မြောက်မသိဘဲ ဗိန်းဖောင်းတီးတိုင်း လှုလုံးထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက်
အခြေအနေမျိုးအထိရောက်အောင် ဘေးတီးတွန်းပို့နေတာပါပဲ။ ဒီလို အရိုးလိုလို့အသားတောင်းတဲ့ ကိစ္စမျိုးကို ကျွ
တွေက အရိပ်ပြရုံနဲ့ အကောင်မြင်ပြီး နားလည်သဘောပေါက်ကြဖို့ အရေးကြီးလှပါတယ်။

နေပြည်တော်ရဲ့ ညွှန်ကြားမှုကို လက်မခံဘဲ ငြင်းဆန်နေကြောင်း လံကြုပ်သတင်းတွေ အကြိမ်ကြိမ်ထုတ်လွှင့်ခဲ့ပါတယ်။ တစ်ခါ ရဲမွန်တပ်တွေကို နေပြည်တော်က တပ်အင်အား ၄၀၀ နဲ့ ဝိုင်းထားတယ်ပြောလိုပြော၊ နောက်တစ်ခါ ၇၀၀ နဲ့ ဝိုင်းပြန်တယ်ဆိုလိုဆို အမျိုးမျိုးဇာတ်လမ်းတွေထွင်ပြီး ထုတ်လွှင့်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရဲဘော်တွေကို အချုပ်သတ်ထိန်းချုပ်ပြီး တပ်ရင်းမှူး ရှစ်ယောက်စလုံးကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီလို့တောင် လွန်လွန်ကျူးကျူး အဆင်အခြင်မဲ့ ထုတ်လွှင့်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒီလို ယုတ္တိယုတ္တာမဲ့ ကလိမ်စေ့ငြင်းဆင်သတင်းတွေကို တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ် လနဲ့ချီပြီးကြာအောင် မကြာခဏဆိုသလို ဆက်တိုက်ထုတ်လွှင့်ခဲ့တာဟာ တပ်မတော်ဖြိုခွဲရေးလမ်းကြောင်းကို ပိုပြီးအာရုံစူးစိုက်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ဒီလံကြုပ်သတင်းတွေကို ပေးပို့နေတဲ့သူကလည်း မြန်မာ့တပ်မတော်အကြောင်း နကန်းတစ်လုံးမှ နားမလည်ရှာဘဲ အဝေးကနေ ကလောင်သွေးနေတဲ့ ဆွန်ခလာဘူရီက ဘီဘီစီသတင်းထောက် ဦးသန်းဆိုသူပါပဲ။ အဲဒီသတင်းထောက်ဟာ ပရိသတ်ရဲ့ အော်ဟစ်ဆူညံ အားပေးသံတွေဟာ ရဲမွန်တပ်မြို့တစ်ခုလုံးကို ဖုံးလွှမ်းနေပါတယ်။ သူ့တပ်ငါ့တပ်၊ သူ့အသင်းငါ့အသင်း အနိုင်မခံ အရှုံးမပေး အပြန်အလှန်အားပေးကြရင်း ပျော်ရွှင်ရယ်မောသောသောညံနေတာကို ဆွန်ခလာဘူရီက ဦးသန်း ကြားစေချင်ပါတယ်။

တကယ်တော့ ဒီလိုမဟုတ်မမှန် လုပ်ကြံသတင်းတွေကို ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးတွေ၊ အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေက အကွက်ချဖန်တီးပေးပို့နေပြီး ဒါတွေကို လီဆယ်လုပ်ကြံသတင်းမှန်း သိပါလျက်နဲ့ ဘီဘီစီလို ပြည်ပအသံလွှင့်ဌာနတွေက ရွှန်းရွှန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြခြင်းဟာ တပ်မတော်အတွင်းသာမက ကျွန်တော်တို့ ပြည်သူများအတွင်းမှာပါ စိတ်ဝမ်းကွဲပြီး ယုန်ထင်ကြောင်ထင် အတွေးတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ ရုတ်ရုတ်သဲသဲအခြေအနေတွေ ပေါ်ပေါက်လာအောင် ရည်ရွယ်တာပါပဲ။ တည်ဆဲအစိုးရအပေါ် အကြည်ညိုပျက်ပြီး ဆန့်ကျင်တာမျိုး၊ တပ်မတော်ပြိုကွဲတာမျိုးကို မြင်ချင်တာပါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင်၊ အမောင်တောင်မြောက်မသိဘဲ ဗိန်းဖောင်းတီးတိုင်း လှုလုံး

ကြဲတော့မယ်၊ ရေတပ်က အခြေ
တပ်မတော်ကြီးပြိုကွဲပြီ ဘာဘာ
ထိုးနှက်ဖြိုခွဲခဲ့ကြတာလည်း မေ့
ဒါပေမယ့် တပ်မတော်ကတော့ ဒီလို
လုံးဝနားမယောင်ခဲ့ဘဲ တည်ငြိမ်
ပြည်သူကို ကယ်တင်စောင့်ရှော
တစ်သွေးတစ်သံတစ်မိန့်အောက်
လျက်နဲ့ ပေးအပ်လာတဲ့တာဝန်မှန်
ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါဟာ
သရုပ်အမှန်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီတုန်းက ပြည်သူ
သွေးထိုးခဲ့တဲ့ ဖြစ်ရပ်တစ်ခု အထင်
သိပြီးဖြစ်တဲ့အတိုင်း ဘီဘီစီသတင်
က နေမင်း၊ ငွေအောင်၊ ငွေကြွ
ရန်ကုန်ဆေးရုံကြီးမှာ သူနာပြုလုပ်
တပ်ဖွဲ့ဝင် ကျောင်းသူ မအေးငြိမ်း
ဖန်တီးထုတ်လွှင့်ကာ ဆူပူအုံကြွနေ

…ိုင်းသံ လူသတ်သမား

ကိုကဲ

ထွက်ပြချင်နေတဲ့ ပြည်ပနောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိရောက်အောင် ဘေးတီးတွန်းပို့နေတာပါပဲ။ ဒီလို အရှုံးလိုလို့ အသားတောင်းတဲ့ ကိစ္စမျိုးကို ကျွန်တော်တို့ ပြည်သူတွေက အရိပ်ပြရုံနဲ့ အကောင်မြင်ပြီး နားလည်သဘောပေါက်ကြဖို့ အရေးကြီးလှပါတယ်။

ဒီလိုလုပ်နေကြတာလည်း အခုမှ အသစ်အဆန်း မဟုတ်ပါဘူး။ ကျွန်တော်တို့သက်တမ်း အတွင်းမှာကိုပဲ ပြည်တွင်းပြည်ပ ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဟန်ချက်ညီပူးပေါင်း၊ မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းတွေထွင်ပြီး နိုင်ငံနဲ့ပြည်သူကို ဒုက္ခပေးခဲ့တာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါပဲ။ တပ်မတော်ဖြိုခွဲရေးလုပ်ခဲ့တာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမယ့် နေလာနှင်းပျောက်ဆိုသလို မဟုတ်မမှန် လုပ်ကြံလီဆယ်စကားတွေဟာ အမှန်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ တစ်စစီ ပြိုကွဲလွင့်စဉ်ပျောက်ကွယ်သွားရစမြဲပဲ ဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ အရေးအခင်းတုန်းကလည်း ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ တပ်မတော်ဖြိုခွဲရေးကို နည်းလမ်းပေါင်းစုံသုံးပြီး အင်တိုက်အားတိုက် လုပ်ခဲ့ကြပါတယ်။ ဒီနေ့ ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ ခေါင်းဆောင်နေရာတွေမှာ ရှိနေတဲ့ ပုဂ္ဂိုလ်ကြီးငယ်တွေကိုယ်တိုင်က စင်မြင့်ထက်ကနေ တပ်မတော်ဖြိုခွဲရေးစကားတွေကို လျှမ်းလျှမ်းတောက် အာပေါင်အာရင်းသန်သန် ပြောခဲ့ဟောခဲ့တာတွေ မှတ်မိကြဦးမှာပါ။ ဒါ့အပြင် ကြေညာချက်အတုတွေထုတ်ပြီး လေတပ်က ဗုံးတွေ

…အနောက်လက်ဝေခံ ရုပ်သေးရုပ်တွေက အကွက်ချ… ပြည်ပအသံလွှင့်ဌာနတွေက ရှုန်းရှုန်းဝေအောင် …ပြည်သူများအတွင်းမှာပါ စိတ်ဝမ်းကွဲပြီး ယုန်ထင် …ါက်လာအောင် ရည်ရွယ်တာပါပဲ။ တည်ဆဲအစိုးရ …ါပဲ။ နောက်ဆုံးမှာ အများယောင်လို့ လိုက်ယောင်၊ …နောက်မြီးဆွဲတွေ လမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ …ားတောင်းတဲ့ ကိစ္စမျိုးကို ကျွန်တော်တို့ ပြည်သူ …တယ်။

ကြဲတော့မယ်၊ ရေတပ်က အမြောက်တွေနဲ့ ပစ်တော့မယ်၊ တပ်မတော်ကြီးပြိုကွဲပြီ ဘာဘာညာညာ ဝါစာကမာလုပ်ကြံထိုးနှက်ဖြိုခွဲခဲ့ကြတာလည်း မေ့ထားရမယ့်ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် တပ်မတော်ကတော့ ဒီလိုသွေးထိုးသွေးခွဲစကားတွေကို လုံးဝနားမယောင်ခဲ့ဘဲ တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ နိုင်ငံနဲ့ပြည်သူကို ကယ်တင်စောင့်ရှောက် တာဝန်ယူနိုင်ခဲ့ပါတယ်။ တစ်သွေးတစ်သံတစ်မိန့်အောက်မှာ စုစည်းမပျက် ညီညွတ်လျက်နဲ့ ပေးအပ်လာတဲ့တာဝန်မှန်သမျှကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါဟာလည်း တပ်မတော်ရဲ့ ပကတိသရုပ်အမှန်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီတုန်းက ပြည်သူကို အကြီးအကျယ် လိမ်ညာသွေးထိုးခဲ့တဲ့ ဖြစ်ရပ်တစ်ခု အထင်အရှား ရှိခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်က နေမင်း၊ ငွေးအောင်၊ ငွေးကြွယ်၊ ကိုကိုလတ်တို့နဲ့ပေါင်းပြီး ရန်ကုန်ဆေးရုံကြီးမှာ သူနာပြုလုပ်အားပေးနေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင် ကျောင်းသူ မအေးငြိမ်းသူနဲ့ လုပ်ကြံအင်တာဗျူးတစ်ခု ဖန်တီးထုတ်လွှင့်ကာ ဆူပူအုံကြွနေတဲ့ လူအုပ်ကြီးကို ထိန်းမနိုင်သိမ်းမရဖြစ်တဲ့ အဆင့်ရောက်အောင် ဆွပေးဖို့ကြိုးပမ်းခဲ့ပါတယ်။ အေးငြိမ်းသူကလည်း သူမနဲ့ အခြားကျောင်းသူတွေဟာ အင်းစိန်ထောင်မှာ အဓမ္မပြုကျင့်ခံခဲ့ရကြောင်း လုပ်ကြံလိမ်ညာပြောဆိုခဲ့ပါတယ်။ ဒါဟာ အထင်ရှားဆုံး သာဓကပါ။ အလားတူအခြားသာဓကများကို ထုတ်ပြနေမယ်ဆိုရင်လည်း ဆုံးနိုင်မှာမဟုတ်ပါဘူး။

အခြားသတင်းတစ်ပုဒ် ကြားမိပါသေးတယ်။ ပြည်ပြေးသောင်းကျန်းသူ ပုဆိန်ရိုးအုပ်စုအဖွဲ့ ၂၀ ကျော် ပူးပေါင်းပြီး DAB လို့ခေါ်တဲ့ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်ညီလာခံကို တစ်ဖက်နိုင်ငံ နယ်စပ်တစ်နေရာမှာ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၁ ရက်ကနေ ၂၄ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အဲဒီ ညီလာခံကနေ ၂၀၁၀ ရွေးကောက်ပွဲဖျက်သိမ်းရေး လှုပ်ရှားမှုတွေကို အပစ်ရပ်အင်အားစုများနဲ့ လက်တွဲပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ဖို့ လုပ်ငန်းလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီလုပ်ငန်းလမ်းစဉ်တွေထဲမှာ ဘက်ပေါင်းစုံဆူပူအုံကြွမှုမှတစ်ဆင့် လူထုတိုက်ပွဲအဆင့် ရောက်လာအောင် တိုးမြှင့်ဖြိုခွဲလုပ်ဆောင်ရေး၊ တပ်တွင်း ပြိုကွဲအောင် ဖြိုခွဲတိုက်ခိုက်ရေးဆိုတဲ့ အချက်တွေလည်း ပါဝင်ခဲ့တယ်လို့ အင်တာနက်စာမျက်နှာမှာ လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကိုကြည့်ရင် ပြည်တွင်းပြည်ပ ပုဆိန်ရိုးအုပ်စုဟာ နိုင်ငံတော်ကိုရော တပ်မတော်ကိုပါ ဖြိုခွဲဖျက်ဆီးနိုင်ဖို့ ရည်မှန်းချက်ကြီးကြီးထားပြီး ဟန်ချက်ညီ ချိန်ကိုက်လှုပ်ရှားနေကြတာကို အထင်အရှားတွေ့နိုင်ပါတယ်။

အခုဆိုရင် လမ်းပြမြေပုံ (၇)ဆင့်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ရွေးကောက်ပွဲကြီး နီးလာတာနဲ့အမျှ ဒီပွဲကြီးအောင်မြင်ပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် အောင်မြင်ဝင့်ကြွားစွာ ပေါ်ပေါက်လာမှာကို လုံးဝမမြင်လို၊ မတွေ့လို၊ မဖြစ်စေလိုကြတဲ့ ပုဆိန်ရိုးအုပ်စုနဲ့ အနောက်အုပ်စုတွေက အနောက်မီဒီယာတွေရဲ့ အားကိုသုံးပြီး ဖျက်လိုဖျက်ဆီးလုပ်ရပ်တွေကို အရှိန်အဟုန် တိုးမြှင့်လုပ်ဆောင်လာနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လက်ရှိရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်တွေ နှောင့်နှေးပျက်ယွင်းမသွားရအောင်၊ ရှေ့မှာ လက်တစ်ကမ်းတောင် မလိုတော့တဲ့ ဒီမိုကရေစီပန်းတိုင် လက်လွတ်ပျောက်ဆုံးမသွားရအောင် သတိရှိကြဖို့ လိုပါတယ်။ ပြည်ပအသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်တွေဟာ လိမ့်လုံး ညာလုံးတွေ၊ ဖြီးလုံးဖြန်းလုံးတွေဆိုတာ နားလည်သဘောပေါက်ပြီး သိလျက်သားနဲ့ အလိမ်မခံကြဖို့ လိုပါတယ်။ လိမ်တဲ့သူကတော့ သူ့ရည်ရွယ်ချက်အတိုင်း ဆက်လိမ်နေဦးမှာဖြစ်လို့ ကျွန်တော်တို့ကလည်း ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူ အကျိုးစီးပွားအတွက် အလိမ်အညာလှိုင်းတွေကို သတိတရားနဲ့ ဆင်ခြင်ရှောင်ရှားကြရမှာသာ ဖြစ်ပါတယ်။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

ဒီသတိပေးစာတန်းလေးကို နေ့စဉ်ထုတ်သတင်းစာတွေမှာရော၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာပါ ဖော်ပြ ထုတ်လွှင့်နေတာ ကြာခဲ့ပါပြီ။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေရဲ့ မိုးလုံးပြည့် မုသာဝါဒမှိုင်းတွေကို သတိထားနိုင်ပြီး ပြည်သူတွေ အလိမ်အညာမမိစေဖို့ သက်ဆိုင်ရာက အမြဲမပြတ် သတိပေးနေခြင်း ဖြစ်ပါတယ်။ ဒီသတိပေးချက်မှာ ပြည်သူတွေ အပေါ်ထားတဲ့ နိုင်ငံတော်ရဲ့စေတနာကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။ ဒါကြောင့် ခလောက်ဆန် အကောက်ကြံနေတဲ့ လေလှိုင်းသံလူသတ်သမားတွေရဲ့ မိုးလုံးပြည့်မုသာဝါဒတွေကို လုံးဝနားမယောင်ဘဲ ကျွန်တော်တို့ ပြည်သူတွေက ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်ရေးနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ပန်းတိုင်အရောက် လှမ်းလျှောက်နိုင်ရေးကိုသာ အစဉ်ထာဝရ နှလုံးသွင်းပြီး စုစည်းမပျက် ရှေ့ခရီးဆက်သွားကြရမှာသာ ဖြစ်ပါကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။ ။

တောင်ဥက္ကလာပမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂

တောင်ဥက္ကလာပမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်ဆွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းသန်းနှင့် အဖွဲ့များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။ သင်တန်း၌ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းသန်း**(အောက်ပုံ)** က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းပြောကြားပြီး မဲရုံတွင် ဆန္ဒမဲပေးခြင်းကို သရုပ်ပြဆောင်ရွက်ကြသည်။ အဆိုပါ သင်တန်းသို့ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၄၀၆ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(မြို့နယ်ကော်မရှင်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း မိုင်းရယ်မြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီခွဲတွင် မိုင်းရယ်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ တာဝန်များနှင့် မဲရုံတွင် မဲပေးပုံအဆင့်ဆင့်တို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ် ဥပဒေအရာရှိ ဦးနန္ဒာအောင်၊ မြို့နယ်စာရင်းစစ်အရာရှိ ဦးအေးကို၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တို့က လက်တွေ့သရုပ်ပြရှင်းလင်းပို့ချခဲ့ကြသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု ၂၈ အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၃၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သီလ၏အကျိုးအပြစ်နှင့်ခန္ဓာ ဉာဏ်ရောက်ဒိဋ္ဌိပြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆း၄၀	သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၆)**
၈း၄၀	ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၈း၅၅	"အရှုံးပေး၍ချစ်လိုက်သည်" (ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွှင်) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၉း၂၀	ကျွန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၃၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီခွဲ့ခွဲ့စန်း) (အပိုင်း-၂)
၉း၅၀	Hair Style For All (အမျိုးသမီး)
၁၀း၀၀	အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၁၀း၂၅	Activities In the City (နာဂလိုဏ်ဂူကုသိုလ်ယူ ကလေးဝ တောရမွေးနေ့အလှူ)
၁၀း၃၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁း၀၀	သူတို့ဘဝသူတို့ဟာသ (ဦးစိန်ရိုး)
၁၁း၃၀	"မေတ္တာရှိရင်းစွဲမို့မလွဲနိုင်ပါ" (ထွန်းထွန်း၊ သင်ဇာဝင့်ကျော်) (ဒါရိုက်တာ-ဇော်ဆက်)
၁း၀၀	"သီလ၏အကျိုးအပြစ်နှင့်ခန္ဓာ ဉာဏ်ရောက်ဒိဋ္ဌိပြုတ်" တရားတော် (မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၆)**
၄း၄၀	ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၅း၀၀	MNL Preview
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Science For All (လူသားတိုင်းအတွက် ဇီဝတာမင်လက်နက်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃)**
၇း၁၅	ဖက်ရှင်လမ်းညွှန် [ဒီဇိုင်နာသက်နှင်းအေး (Dozo)]
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Life Style & Car Expo 2010)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (အသိုင်းအဝိုင်း)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၇)**
၁၀း၁၀	"အဖြူရောင်ဆေးစက်" (လူမင်း၊ ရီဝေယံ၊ ထွန်းအိန္ဒြာဗို၊ သဇင်) (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)
၁၁း၄၀	အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၁၂း၀၅	VJ Choice
၁၂း၃၅	ကျွန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ချောရတနာနှင့် တွေ့ဆုံခြင်း)
၁း၁၀	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁း၂၅	2010 UEFA European Football Championship Qualifier (England Vs Bulgaria)
၃း၂၅	အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၃း၄၀	ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
၄း၀၅	"အရှုံးပေး၍ချစ်လိုက်သည်" (ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွှင်) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၄း၃၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၄း၅၀	Hair Style For All (အမျိုးသမီး)
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2010 UEFA European Football Championship Qualifier

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	England - Bulgaria	STAR SPORTS(Live)

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၆ ရက်တွင် ဆီမီးဖိုင်နယ်ပထမပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း၊ စက်တင်ဘာ ၇ ရက်တွင် ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးရည်မွန်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း အမှတ် (၁) စက်မှုဝန်ကြီးဌာန
(ခ) ဦးတင်နိုင်ထွန်း	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန

တွံတေး - မအူပင်ကားလမ်း လမ်းအူကြောင်းတိုင်းတာမှု စည်ပင်သာယာ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းရှိ တွံတေးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်မည့် ခရိုင်ချင်းဆက်လမ်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အပိုင်း၏ လမ်းအူကြောင်းရှာဖွေရန် ကွင်းဆင်းတိုင်းတာဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းတွံတေး-မအူပင်ကားလမ်းသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပိုင် တွံတေး-ကွမ်းခြံကုန်း လှိုင်သာယာလမ်း၏ မိုင်တိုင်အမှတ် ကိုးမိုင် နှစ်ဖာလုံအနီး တွံတေးကြိုးတံတားအနီးမှ ဖြတ်သန်း၍ ခတ္တိယတံတားထိ လမ်းအရှည် ၁၅ မိုင် နှစ်ဖာလုံရှိသည်။ ယင်းလမ်းကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအမံဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဒေသဖွံ့ဖြိုးရေးလမ်းအဖြစ် တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းကြမ်း အရှည်ခြောက်မိုင်ဖောက်လုပ်ခဲ့ပြီး ယင်းမှ တွံတေးမြို့ တစ်ဖက်ကမ်းရှိ မြဂိုးရွာအထိ အရှည် နှစ်မိုင် သုံးဖာလုံကို ဆက်လက်ဖောက်လုပ်ရမည်ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ယူထိန်းသိမ်းထားသော မြဂိုးကျေးရွာမှ ခတ္တိယတံတားအထိ အရှည် ခြောက်မိုင် ခုနစ်ဖာလုံကိုလည်း ရာသီမရွေး သွားလာနိုင်ရေးအတွက် ကတ္တရာလမ်းသားအသစ် အဆင့်မြှင့်တင်၍ ယခုဖောက်လုပ်ရမည့်လမ်းသစ်နှင့် ဆက်သွယ်ကာ တွံတေးတံတားအနီး လှိုင်သာယာ-ကွမ်းခြံကုန်းကတ္တရာလမ်းနှင့်ဆက်သွယ်ဖောက်လုပ်သွားမည်ဖြစ်သည်။ဖောက်လုပ်သွားမည့်မြေသားလမ်း ရှစ်မိုင် သုံးဖာလုံကိုလည်း ပွင့်လင်းရာသီတွင် မြေသားသိပ်သည်းမှုရအောင် ဆောင်ရွက်၍ ကတ္တရာလမ်း ၁၈ ပေ အကျယ်အထိ ခင်းကျင်းပြီး မူလ ရန်ကုန် - ပုသိမ်ကားလမ်းမှတစ်ဆင့် မအူပင်သို့ သွားလာနေရာမှ ဖြတ်လမ်းအဖြစ် လှိုင်သာယာ-တွံတေး-မအူပင် ထောင့်ဖြတ်လမ်းသဖွယ် သုံးကာ ယခင်အကွာအဝေးထက်၁၅ မိုင်ခန့် သက်သာလွယ်ကူစွာ သွားလာနိုင်တော့မည် ဖြစ်သည်။

အဆိုပါလမ်းသည် တွံတေးမြို့နယ် တစ်ဖက်ကမ်း တွံတေးတူးမြောင်း အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကျေးရွာပေါင်း ၂၉ ရွာတို့ ပညာရေး၊ ကျန်းမာရေး လူမှုရေးနှင့် စီးပွားရေးတို့အတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည့်အပြင် တွံတေးအနောက်ဘက်ခြမ်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ခရီးလမ်းတိုတိုဖြင့် အမြန်ဆုံး ရာသီမရွေးသယ်ယူပို့ဆောင်နိုင်ပြီး ကုန်ထုတ်လမ်းသဖွယ်လည်း အသုံးပြုသွားလာနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲရုံတာဝန်လုပ်ငန်း သင်တန်းဖွင့်ပွဲ ဒလမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ မဲရုံတာဝန်လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ဒလမြို့ သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး **(အောက်ပုံ)** နှင့် ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရွှေတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒလမြို့နယ် ဥပဒေအရာရှိ ဦးအေးမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလှိုင်တို့က ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ မဲရုံလုပ်ငန်းတာဝန်များကို မဲပေးပုံ သရုပ်ပြကာ ရှင်းလင်းဆွေးနွေးသည်။

(ကြေးမုံ)

Geographic Information System နည်းပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်မည်

Ocean Gate
Training Centre

ရန်ကုန် စက်တင်ဘာ ၂

Ocean Gate သင်တန်းကျောင်းက ပထဝီဝင် သတင်းအချက်အလက် နည်းပညာ GIS နှင့် ပတ်သက်၍ Basic Level နှင့် Intermediate Level သင်တန်းများကို ထပ်မံဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

GIS Application များနှင့် ဆက်စပ်ပြီး Google Earth ကို Powerful Tool တစ်ခုအဖြစ် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် Basic Level အဖြစ် Google Earth and Geospatial Technologyကို သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသည် Civil နှင့် Mining Engineer များ၊ Geology၊ Geography နှင့် Biology သမားများအတွက် Foundation Course ဖြစ်သကဲ့သို့ NGO များ၊ ဈေးကွက်ရှာဖွေရေး၊ ကုန်ပစ္စည်းဖြန့်ဖြူးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်လည်း အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သည်။

Intermediate Level သင်တန်းသည် လုပ်ငန်းခွင်နယ်ပယ် အသီးသီးတွင် GIS နည်းပညာရပ်များကို အလေးပေးအသုံးပြုရန် လိုအပ်သူများအတွက် စနစ်တကျနှင့် ပိုမိုကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်စေရန် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ သင်ကြားတတ်မြောက်ရန် လိုအပ်နေသော မည်သူမဆို Basic Level သင်ယူပြီးသည်နှင့် ဆက်လက်လေ့လာသင်ယူနိုင်စေရန်နှင့် ပြန်လည်အသုံးချနိုင်စေရန်အတွက် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်ကြားပေးမည့် အကြောင်းအရာများမှာ Introduction to GIS, Setting up a GIS Database, Spatial Data Analysis, Data Interoperability in GIS နှင့် Data Presentation and Map Production တို့ဖြစ်သည်။

ထို့အပြင် လိုအပ်သော Data များကို စုဆောင်းရာတွင် Remote Sensing နည်းပညာရပ်ကို မည်ကဲ့သို့ အသုံးပြုရသည်ကိုပါ ဆက်စပ်သင်ကြားပေးမည်ဖြစ်သည်။ GIS Industry နယ်ပယ်တွင် Leading Software များဖြင့် သီအိုရီကိုလက်တွေ့နှင့် ပေါင်းစပ်သင်ကြားပေးမည်ဖြစ်သောကြောင့် ထိရောက်မှုရှိစေရန် ဆရာ၊ ကျောင်းသား အချိုးကို ၁း၁၀ သာ သတ်မှတ်ထားသည်။ မတူညီသော လုပ်ငန်းအသီးသီးမှ လာရောက်ကြသော သင်တန်းသားများ၏ လိုအပ်ချက်များကို အခြေပြုပြီး အပြန်အလှန်ဆွေးနွေးဖလှယ်လေ့လာသင်ယူကြရမည်ဖြစ်သောကြောင့် သင်တန်းမှရရှိသွားမည့် ပညာများကို မည်သို့မည်ပုံ အသုံးချရမည်ကိုလည်း သေချာနားလည် သိရှိသွားစေမည်ဖြစ်သည်။

သင်တန်းများကို စက်တင်ဘာလလယ်တွင် စတင်မည်ဖြစ်ပြီး Basic Level သည် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်နှင့် Intermediate Level သည် သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။ ဆက်လက်၍လည်း Remote Sensing သင်တန်း၊ Project Oriented Geospatial Technology သင်တန်း၊ Geography၊ Geology၊ Business၊ Biology ဆိုင်ရာ နယ်ပယ်အသီးသီးအတွက်လည်း Geospatial Technology Advanced Course များကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းရန်နှင့် သင်တန်းအပ်နှံရန်အတွက် Ocean Gate Training Centre အမှတ်(၃၅) အခန်း(၂၀၆) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၁၃၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားဟော်ကီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ စက်တင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် Smart Youth အသင်း စသည့် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများအား တစ်နေ့လျှင် နှစ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၉)

ရှင်းလင်းတင်ပြ

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အောင်မင်္ဂလာ-သရက်စိန် လမ်းပေါ်ရှိ ကွန်ကရစ်ရေပြွန် တည်ဆောက်ပြီးစီးမှုနှင့် သစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဩဂုတ် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၀၀	၇။	"စေတနာထားကာကုသပေး ပြည်သူများရဲ့ ကျန်းမာရေး"
၈း၁၀	၈။	"မြူတိမ်ကင်းသောနေ့"
၈း၃၀	၉။	တေးဂီတအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	အကပြိုင်ပွဲ
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅	၄။	မြန်မာစာ၊ မြန်မာစကား
၄း၄၅	၅။	နှောင်းခေတ်တေးပဒေသာ
၅း၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၅း၁၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၈။	ရောင်စုံရေးသီတေးပန်းချီ
၅း၄၀	၉။	"ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၁)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	သွေး(အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
	၁၈။	"လျှပ်တစ်ပြက်ဟာသများ"
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၁၈)**
	၂၀။	သီချင်းချစ်သူ (ဝိုင်းစုခိုင်သိန်း)
	၂၁။	အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အလေးမပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည့် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး တံခွန်စိုက် အလေးမပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၏ (၇)ကြိမ်မြောက် မြို့နယ်ပေါင်းစုံ အလေးမပြိုင်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး လူရွေးပွဲကို ၁၁-၉-၂၀၁၀ ရက် နံနက် ၉ နာရီတွင် လျှော်ရွေး လျှော်ထုတ် စက်ရုံဝင်း၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများစာရင်းကို ရန်ကုန်တိုင်းဒေသကြီး အလေးမဆပ်ကော်မတီ အတွင်းရေးမှူး ဦးထွန်းမောင်ထံ စာရင်းပေးသွင်းနိုင်သည်။

မှတ်ချက် ။ ။ အေအုပ်စု၊ ဘီအုပ်စု (၃၅)နှစ်နှင့်အထက် ကစားသမားများ မြို့နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။

ဆက်သွယ်ရန် ဖုန်း-၆၈၃၅၇၈၊ ၀၉-၅၁၆၈၅၁၁



မူးယစ်ကင်းစင်အောင်ပွဲဆင်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် ဟာသဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် စက်တင်ဘာ ၂

စက်တင်ဘာ ၃ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ဒါရိုက်တာ ကိုဇော်(အရှက်ဦး) ၏ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဟာသဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။ ရိုက်ကူးတင်ဆက်နေကျ ဟာသဇာတ်လမ်းမျိုးမဟုတ်ဘဲ မြို့နှင့်အလှမ်းကွာဝေးသော ကျေးလက်နေလူတန်းစားတို့၏ ရိုးသားဖြူစင်သော ပတ်ဝန်းကျင်မှ ဇာတ်လမ်းကို ဒါရိုက်တာက တစ်မျိုးတစ်ဖုံ ဟာသနှော၍ တင်ပြထားသောကြောင့် ကျေးလက်ဟာသဟု ဆိုရမည်ဖြစ်သည်။ ဇာတ်လမ်းနှင့် လိုက်လျောညီထွေစွာ ဟာသသရုပ်ဆောင်များကလည်း အင်အားပြည့်ပါဝင်သရုပ်ဆောင်ထားကြသည်ကို တဝကြီး ရှုစားရမည်ဖြစ်သည်။ ကျော်ရဲအောင်၊ ပြေတီဦး၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် ခင်လှိုင်တို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာ မြို့လယ်ရုံ သုံးရုံတွင် တစ်ပြိုင်တည်းပြသလျက်ရှိသည်။

မြို့လယ်စံပြ၊ ရွှေမန်းနှင့် သီတာရုံတို့တွင် ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊

ချစ်သုဝေနှင့် လှအဥ္ဇလီတင့်တို့ ပါဝင်သည့် **အသည်းကွဲဒယ်ဒီ**ဇာတ်ကား ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် နာမည်ကြီး ဟောလီးဝုဒ်သရုပ်ဆောင် အကယ်ဒမီမင်းသား နီကိုလပ်စ်ကေ့ဂျ်ပါဝင်သည့် THE SORCERER'S APPRENTICE ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် နာမည်ကြီးအက်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီ ပါဝင်သည့် SALT ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့မရုံတွင် အနီးကပူး၏ ဆိုက်ဖ်အလီခန်းတို့ပါဝင်သည့် RACE အချစ်ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဇာတ်ကားသစ်မှ ပြေတီဦးနှင့် သက်မွန်မြင့်။

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းအတွင်း ဩဂုတ် ၁၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ အင်အား ၁၀၀ ကျော်တို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၆၃)

သီပေါမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

သီပေါ စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီပေါမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြပြီး ကျောက်မဲခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြား၍ သီပေါမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ၅၄၂ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များဖြစ်ကြသော မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်တို့က ဆွေးနွေးပို့ချကြပြီး မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်ကြကြောင်း သိရသည်။

(၂၄၇)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလုတိုး

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ၃ ဒသမ ၉၀လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၈၆ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် နောင်ချိုမြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၃ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၅ဒသမသုည ဒီဂရီစင်တီဂရိတ်)	၉၅ဒီဂရီဖာရင်ဟိုက်	၁-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၂-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၇ ရာခိုင်နှုန်း	၂-၉-၂၀၁၀
မိုးရေချိန်	မရှိပါ	၂-၉-၂၀၁၀

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် အေးမြသာယာချောင်းကူးတံတား တည်ဆောက်ရန်အတွက် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးအောင်ကိုဦးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဆင်ရိုင်းကောင်ရေ ထိန်းသိမ်းရေး အိန္ဒိယလုပ်ဆောင်ရန် လိုအပ်

သဘာဝ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် - ဗျည်းနွဲ့

နယူးဒေလီ စက်တင်ဘာ ၂

ဆင်ရိုင်းများနေထိုင်ရာ သစ်တောကြိုးဝိုင်းများကို ထိန်းသိမ်းခြင်း၊ ဆင်များအား သတ်ဖြတ်မှုကို တားမြစ်ခြင်းနှင့် ၎င်းတို့လှည့်လည်နေထိုင်ရာ သစ်တောဧရိယာများအကြား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ကန့်သတ်ခြင်းဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ဆင်သတ္တဝါကောင်ရေကို ထိန်းသိမ်းပေးရန် လိုအပ်ကြောင်း သားရိုင်းတိရစ္ဆာန် ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့က ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

ဆင်စွယ်အတွက် ဆင်များကို သတ်ဖြတ်ခြင်းနှင့် ဆင်များက လူတို့နေထိုင်ရာ ဒေသအတွင်း ဝင်ရောက်မှုများ တဖြည်းဖြည်း တိုးမြင့်လာခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံတွင် လူနှင့်ဆင်များအကြား ပဋိပက္ခသည် တိုးမြင့်ဖြစ်ပေါ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် သဘာဝအလျောက် ကျက်စားနေထိုင်သော ဆင်ရိုင်းကောင်ရေ ၂၆၀၀၀ ခန့်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိဆင်ကောင်ရေကို ထိန်းသိမ်းထားရန်အတွက် ဆင်ရိုင်းများ နိုင်ငံတစ်ဝန်း ဖြတ်သန်းလှည့်လည်ရာ လမ်းကြောင်း ၈၈ ခုတို့တွင် မိုင်းတွင်းလုပ်ငန်းများ၊ ဆည်မြောင်းတာတမံများနှင့် စက်မှုလုပ်ငန်းများ တည်ဆောက်လုပ်ကိုင်ခြင်း မပြုရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

ဆင်ရိုင်းများ ကောင်ရေကျဆင်းမှုသည် ရုတ်တရက် သိသာနိုင်ဖွယ် မရှိသောကြောင့် ၎င်းတို့၏ ကောင်ရေအား ထိန်းသိမ်းရေးကြိုးပမ်းမှုသည် အခြားရှားပါးစပြုလာပြီဖြစ်သော ကျားကဲ့သို့သော သတ္တဝါများကို ကာကွယ်ထိန်းသိမ်းနေသကဲ့သို့ ဂရုတစိုက် လုပ်ဆောင်မှုမရှိသေးကြောင်း ပညာရှင်တစ်ဦးကဆိုသည်။

သတ်မှတ်ထား

သို့ရာတွင် အိန္ဒိယ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးက ဆင်ရိုင်းများကောင်ရေ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အိန္ဒိယအစိုးရသည် ဆင်များကို အမျိုးသားအမွေအနှစ် သတ္တဝါများအဖြစ် သတ်မှတ်မည့် အကြောင်းကို ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံတွင် တောရိုင်း သဘာဝအလျောက် ကျက်စားနေထိုင်သော တောဆင်ရိုင်းအုပ် တစ်အုပ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သတိပေးစာတန်းလေးကို နေ့စဉ်ထုတ်သတင်းစာတွေမှာရော၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှာပါ ဖော်ပြထုတ်လွှင့်နေတာ ကြာခဲ့ပါပြီ။ ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တွေရဲ့ မိုးလုံးပြည့် မုသာဝါဒမှိုင်းတွေကို သတိထားနိုင်ပြီး ပြည်သူတွေ အလိမ်အညာမမိစေဖို့ သက်ဆိုင်ရာက အမြဲမပြတ် သတိပေးနေခြင်း ဖြစ်ပါတယ်။ ဒီသတိပေးချက်မှာ ပြည်သူတွေ အပေါ်ထားတဲ့ နိုင်ငံတော်ရဲ့စေတနာကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။

ကိုကဲ၏ "ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား"

(ဆောင်းပါး) စာမျက်နှာ ၈-၉

ထူးကဲဒီရေ သတိပေးချက်ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၅ ပေခန့်မှ ၂၁ ဒသမ ၇ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)